ကြေးမုံ
The Mirror
၁၃၇၂ ခုနှစ်၊ သီတင်းကျွတ်လဆန်း ၇ ရက်၊ သောကြာနေ့၊ (15-10-2010) (၆၅၅၂)

မြန်မာနိုင်ငံ၏ မျက်မမြင်ကာကွယ်ကုသရေးလုပ်ငန်းများ အရှိန်အဟုန်ဖြင့် တိုးမြှင့်ဆောင်ရွက်နိုင်ပြီး အောင်မြင်မှုရရှိနေ ၂၀၀၉ ခုနှစ်တွင် အတွင်းတိမ်လူနာ ၁၀၅၀၀ ကို အခမဲ့ ကွင်းဆင်းကုသခဲ့

အမှာစကားပြောကြား

ကမ္ဘာ့မျက်မမြင်ပပျောက်ရေးနေ့ အထိမ်းအမှတ် အခမ်းအနားတွင် ကျန်းမာရေးဝန်ကြီးဌာန ဝန်ကြီး ဒေါက်တာကျော်မြင့် အမှာစကားပြောကြားစဉ်။

(သတင်းစဉ်)

နေပြည်တော် အောက်တိုဘာ ၁၄

ကျန်းမာရေးဝန်ကြီးဌာနနှင့် ကမ္ဘာ့ကျန်းမာရေးအဖွဲ့တို့ ပူးပေါင်းဆောင်ရွက်သည့် ကမ္ဘာ့မျက်မမြင်ပပျောက်ရေးနေ့ အထိမ်းအမှတ်အခမ်းအနားကို ယနေ့နံနက် ၈ နာရီခွဲတွင် နေပြည်တော်ရှိ အဆိုပါဝန်ကြီးဌာန ဝန်ကြီးရုံး အစည်းအဝေးခန်းမ၌ ကျင်းပရာ ကျန်းမာရေးဝန်ကြီးဌာန ဝန်ကြီး ဒေါက်တာကျော်မြင့် တက်ရောက်၍ အဖွင့်အမှာစကားပြောကြားသည်။

အဆိုပါအခမ်းအနားသို့ ကျန်းမာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာပိုင်စိုး၊ ကျန်းမာရေးဝန်ကြီးဌာနအောက်ရှိ ဦးစီးဌာနများမှ ညွှန်ကြားရေးမှူးချုပ်များနှင့် တာဝန်ရှိသူများ၊ ကမ္ဘာ့ကျန်းမာရေးအဖွဲ့ ဌာနေကိုယ်စားလှယ် Dr.H.S.B. Tennakoon နှင့် အဖွဲ့ဝင်များ၊ ကုလသမဂ္ဂလက်အောက်ခံအဖွဲ့အစည်းများမှ ကိုယ်စားလှယ်များ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ၊ နေပြည်တော်ခရိုင်အတွင်းရှိ မြို့နယ်များမှ ကျန်းမာရေးဝန်ထမ်းများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ ကျန်းမာရေးဝန်ကြီးဌာန ဝန်ကြီး ဒေါက်တာကျော်မြင့်က အဖွင့်အမှာစကားပြောကြားရာတွင် ကမ္ဘာ့ကျန်းမာရေးအဖွဲ့ကြီး၏ ခန့်မှန်းချက်အရ ယနေ့ ကမ္ဘာပေါ်တွင် မျက်စိကွယ်သူပေါင်း ၄၅ သန်းရှိပြီး ၎င်းတို့အနက် **စာမျက်နှာ ၈ ကော်လံ ၁ သို့**☆

သာယာဝပြော ရွှေဖြူတောတို့ စိမ်းလန်းရာ ဟိုပန်မြေ

သတင်းဆောင်းပါးနှင့် ဓာတ်ပုံ-
ဝင်းလှိုင်ဦး

အပူရှိန်မြင့်သော နေ့ခင်းဖြစ်သော်လည်း လေပြည်အေးက ညင်းညင်းသွဲ့သွဲ့ တိုက်ခတ်ပေးနေ၍ မိမိတို့အဖွဲ့ ရောက်ရှိနေသော နေရာလေးမှာ အေးမြလျက်ရှိသည်။ တောင်ကုန်းပေါ်ရှိ ရှုရပ်တဲလေးမှ ဘေးဘီကိုကြည့်လိုက်ရာ စိမ်းစိမ်းညို့ညို့ ရော်ဘာတောကြီးကို မျက်စိတစ်ဆုံးမြင်နေရသည်။

၎င်းနေရာကား ၂၀၁၀ ခုနှစ် ကမ္ဘာ့စားနပ်ရိက္ခာနေ့ အထိမ်းအမှတ် ထူးချွန် ရော်ဘာခြံရှင်အဖြစ် လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနက ချီးမြှင့်ပေးလိုက်သည့် ဟိုပန်ဒေသခံ ဦးကျန်ပါ၏ ရော်ဘာခြံတွင်း တစ်နေရာပင်ဖြစ်သည်။ ရော်ဘာခြံမှာ ကွမ်းလုံ-ဟိုပန်ကားလမ်း၊ ဟိုပန်မြို့မှ တစ်မိုင်အကွာ **စာမျက်နှာ ၉ ကော်လံ ၁ သို့**❑

နိုင်ငံရေး ဦးတည်ချက် (၄)ရပ်

* နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
* အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး
* ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
* ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ်နှင့် အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

စီးပွားရေး ဦးတည်ချက် (၄)ရပ်

* စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး
* ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှု စွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

လူမှုရေး ဦးတည်ချက် (၄)ရပ်

* တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တ မြင့်မားရေး
* အမျိုးဂုဏ်၊ ဇာတိဂုဏ် မြင့်မားရေးနှင့် ယဉ်ကျေးမှု အမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
* မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
* တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

ဟိုပန်မြို့နယ်ရှိ ရော်ဘာခင်းများ

ဟိုပန်မြို့နယ်ရှိ ရော်ဘာခင်းများကို တွေ့ရစဉ်။

ကြေးမုံ The Mirror
၁၅-၁၀-၂၀၁၀
(သောကြာနေ့)

သဘာဝဘေးအန္တရာယ်လျှော့ပါးအောင် ဝိုင်းဝန်းဖော်ဆောင်

ကမ္ဘာမြေတစ်ခွင် ပူနွေးလာမှုနှင့်အတူ ကမ္ဘာ့ရာသီဥတု ပြောင်းလဲဖောက်ပြန်လျက်ရှိသည်။ ယင်းအကျိုးဆက်များကြောင့် မုန်တိုင်းကြီးများ တိုက်ခတ်နေသည်။ အင်အားပြင်းထန်သော ငလျင်လှုပ်မှုများ ဖြစ်ပေါ်နေသည်။ မီးတောင်ပေါက်ကွဲမှု၊ တောမီးလောင်မှု၊ ရေကြီးနစ်မြုပ်မှု၊ မြေပြိုမှုနှင့် ဆူနာမီကဲ့သို့ ဒီလှိုင်းကြီးများ ရိုက်ခတ်မှု စသည့် သဘာဝဘေးအန္တရာယ်များကို ကမ္ဘာ့နိုင်ငံအများအပြားတွင် တွေ့ကြုံခံစားနေကြရသည်။

၂၀၀၉ ခုနှစ်အတွင်းက ကမ္ဘာတစ်ဝန်း၌ သဘာဝဘေးအန္တရာယ်ပေါင်း (၃၃၅)ကြိမ် ဖြစ်ပေါ်ခဲ့ရာ လူသားပေါင်း တစ်သောင်းကျော် သေဆုံးခဲ့ပြီး ဘေးဒုက္ခခံခဲ့ရသူ ၁၁၉ သန်း ရှိခဲ့ကြောင်း သိရသည်။ ၂၀၁၀ ခုနှစ် အတွင်းတွင်လည်း အင်အားပြင်းငလျင်လှုပ်မှု၊ တောမီးလောင်ကျွမ်းမှု၊ ရေလွှမ်းမိုးမှု၊ မြေပြိုမှုနှင့် မီးတောင်ပေါက်ကွဲမှုများကြောင့် ကမ္ဘာတစ်ဝန်း သဘာဝဘေးဒဏ်ကြုံတွေ့ရမှုများ ပိုမိုဖြစ်ပေါ်လာသည်ကို တွေ့မြင်ကြားသိနေရသည်။

ကမ္ဘာကြီးပူနွေးလာမှုနှင့် ရာသီဥတု ဖောက်ပြန်ပြောင်းလဲမှုများ၏ အရင်းခံသည် စက်ရုံ၊ အလုပ်ရုံများမှ ဖန်လုံအိမ်ဓာတ်ငွေ့များ ထုတ်လွှတ်မှု၊ လေထုထဲတွင် ကာဗွန်ဒိုင်အောက်ဆိုဒ် များပြားလာမှုတို့ကြောင့် ဖြစ်သည်။ ထို့အပြင် လူတို့၏ပယောဂကြောင့် သစ်တောများပြုန်းတီးလာမှု၊ မြစ်ချောင်းအင်းအိုင်များ၊ ဂေဟစနစ်များ ပျက်စီးလာမှုတို့ကြောင့်လည်း ရာသီဥတု ပြောင်းလဲမှုများ ဖြစ်ပေါ်လာခြင်းဖြစ်သည်။

ယခုအခါ နိုင်ငံတိုင်းက သဘာဝဘေးအန္တရာယ်လျော့ပါးရေး ကြိုးပမ်းနေကြပြီ။ ဖန်လုံအိမ်ဓာတ်ငွေ့ထုတ်လုပ်မှု လျှော့ချခြင်း၊ သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းခြင်း၊ မြေယာများ စနစ်တကျအသုံးချခြင်း၊ မြစ်ချောင်းများ ရေစီးရေလာကောင်းစေရန် ထိန်းသိမ်းပြုပြင်ခြင်းများ လုပ်ဆောင်နေကြပြီ။ တစ်ဖက်မှလည်း ပြည်သူလူထုအတွင်း သဘာဝဘေးဒဏ် ကြိုတင်ကာကွယ်ရေး အသိပညာပေးခြင်း၊ ဆက်သွယ်ရေးလမ်းကြောင်းများ ကောင်းမွန်ရန် ထူထောင်ခြင်း၊ သဘာဝဘေးဒဏ်ခံ မြို့ပြအဆောက်အအုံများ စနစ်တကျ တည်ဆောက်ခြင်းတို့ကို ဆောင်ရွက်နေကြပေပြီ။

မြန်မာနိုင်ငံတွင်လည်း ၂၀၀၈ ခုနှစ် မေလက ဧရာဝတီတိုင်းဒေသကြီးနှင့် ရန်ကုန်တိုင်းဒေသကြီးတို့အတွင်း အင်အားပြင်း နာဂစ်မုန်တိုင်းကြီး တိုက်ခတ်ခံခဲ့ရသည်။ လူဦးရေ နှစ်သန်းကျော် မုန်တိုင်းဒဏ်ခံခဲ့ရပြီး လူတစ်သိန်းကျော်သေဆုံးကာ အိုးအိမ်အဆောက်အအုံများစွာ ပျက်စီးဆုံးရှုံးခဲ့ရသည်။ နိုင်ငံတော်အစိုးရ၊ စေတနာရှင် ပြည်သူများနှင့် တပ်မတော်တို့၏ အားသွန်ခွန်စိုက်ဆောင်ရွက်မှု၊ ကမ္ဘာ့နိုင်ငံအသီးသီး၏ ကူညီမှုတို့ဖြင့် လူနေအဆောက်အအုံများ၊ လမ်းများနှင့် စီးပွားရေးလုပ်ငန်းများ ပြန်လည်ထူထောင်နိုင်ခဲ့ပြီ။ မူလအခြေအနေထက် သာလွန်ကောင်းမွန်နေပြီ ဖြစ်သည်။

ကမ္ဘာ့ရာသီဥတုဖောက်ပြန်မှုကြောင့် ဖြစ်ပေါ်လာသော သဘာဝဘေးအန္တရာယ်သည် နေရာဒေသ အချိန်အခါ ရာသီမရွေး ကျရောက်နိုင်သည်။ ကမ္ဘာ့နိုင်ငံတိုင်း၊ ပြည်သူတိုင်းက ကြိုတင်ကာကွယ်ရေး၊ ကူညီကယ်ဆယ်ရေး၊ ပြန်လည်ထူထောင်ရေးများ စနစ်တကျပြင်ဆင်ထားခြင်း၊ ဖန်လုံအိမ်ဓာတ်ငွေ့ ထုတ်လုပ်မှုလျှော့ချခြင်း၊ သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းခြင်းတို့ဖြင့် သဘာဝဘေးအန္တရာယ်လျှော့ပါးရေး ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်သွားကြရမည်ဖြစ်ပါသည်။ ။

ထားဝယ်ခရိုင် စာကြည့်တိုက်များဆောက်လုပ်မှု ကြည့်ရှုစစ်ဆေး

ထားဝယ် အောက်တိုဘာ ၁၄

ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန တနင်္သာရီတိုင်းဒေသကြီး လက်ထောက်ညွှန်ကြားရေးမှူး ဦးတင်ထွန်း၊ ထားဝယ်ခရိုင် ဦးစီးအရာရှိ ဦးမြင့်သန်းနှင့် မြို့နယ်ဦးစီးမှူး ဒေါ်မိုးဝါတို့သည် အောက်တိုဘာ ၈ ရက် နံနက် ၁၀ နာရီတွင် ထားဝယ်မြို့နယ် သဗျာကျေးရွာ ပညာအလင်းစာကြည့်တိုက်ဆောက်လုပ်နေမှုကို ကြည့်ရှုစစ်ဆေးပြီး စာကြည့်တိုက်ကော်မတီဝင်များ၊ စာကြည့်တိုက်ဆောက်လုပ်ရေးကော်မတီဝင်များ၊ ကျေးရွာပြည်သူများနှင့် တွေ့ဆုံပြီး စာကြည့်တိုက်ဆိုင်ရာများ မှာကြားသည်။

ယင်းနောက် မွန်းလွဲ ၂ နာရီတွင် လောင်းလုံးမြို့နယ် သာယာကုန်းကျေးရွာ အေးသာယာစာကြည့်တိုက်ဆောက်လုပ်မှုကို ကြည့်ရှုစစ်ဆေးကြောင်း သိရှိရသည်။

(ခရိုင်ပြန်/ဆက်)

နေပြည်တော်ခရိုင် တပ်ကုန်းမြို့နယ် ကျန်းမာရေးဦးစီးဌာနနှင့် ရောဂါကြီးသုံးမျိုး ရန်ပုံငွေအဖွဲ့တို့၏ ဦးဆောင်ပံ့ပိုးမှုဖြင့် မြို့နယ်အတွင်းရှိ အခြေခံကျန်းမာရေးဝန်ထမ်းများအား ငှက်ဖျားရောဂါကာကွယ်နှိမ်နင်းရေး သင်တန်းဖွင့်ပွဲကို အောက်တိုဘာ ၁၁ ရက်က မြို့နယ်ပြည်သူ့ဆေးရုံ အစည်းအဝေးခန်းမ၌ ကျင်းပရာ ကျန်းမာရေးဦးစီးမှူး ဒေါက်တာ ထွန်းထွန်း အဖွင့်အမှာစကား ပြောကြားစဉ်။ (၀၉၂)

ပြည်သူ့ သဘောထား	
	✪ ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
	✪ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော် တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
	✪ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအားဆန့်ကျင်ကြ။
	✪ ပြည်တွင်း ပြည်ပအဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

ရွှေပြည်သာမြို့နယ် နယ်မြေခံတပ်ရင်း မိသားစုဝင်များနှင့် တွေ့ဆုံပွဲ တိုင်းမှူး ဗိုလ်မှူးချုပ်ထွန်းသန်း တက်ရောက်

နေပြည်တော် အောက်တိုဘာ ၁၄

ရန်ကုန်တိုင်းဒေသကြီး အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဌ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်ထွန်းသန်းသည် တပ်မတော်အရာရှိကြီးများ လိုက်ပါလျက် အောက်တိုဘာ ၁၂ ရက်တွင် ရွှေပြည်သာမြို့နယ်ရှိ နယ်မြေခံတပ်ရင်းများမှ စစ်သည်မိသားစုဝင်များနှင့် တွေ့ဆုံပွဲသို့ တက်ရောက်သည်။

ရှေးဦးစွာ တိုင်းမှူးသည် ရွှေပြည်သာမြို့နယ် နယ်မြေခံတပ်ရင်းခန်းမ၌ အရာရှိ၊ စစ်သည်၊ မိသားစုဝင်များနှင့် တွေ့ဆုံ၍ လိုအပ်သည်များ မှာကြားပြီး ချီးမြှင့်ပစ္စည်းများပေးအပ်ကာ စစ်သည်နှင့် မိသားစုဝင်များအား ရင်းရင်းနှီးနှီးနှုတ်ဆက်သည်။

ထို့နောက် နယ်မြေခံတပ်ရင်း၌ စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများ ဆောင်ရွက်ထားရှိမှု၊ မိသားစုဝင်များ၏ တစ်ပိုင်တစ်နိုင် စိုက်ပျိုးရေးလုပ်ငန်းများ ဆောင်ရွက်ထားရှိမှုနှင့် တပ်တွင်းမူကြိုကျောင်းတို့ကို လှည့်လည်ကြည့်ရှုစစ်ဆေးပြီး ချီးမြှင့်ငွေများ ပေးအပ်သည်။

ဆက်လက်၍ အုတ်ဖိုကျေးရွာအုပ်စုရှိ နယ်မြေခံတပ်ရင်းသို့ရောက်ရှိပြီး တပ်ရင်းစုပေါင်းခန်းမ၌ အရာရှိ၊ စစ်သည်၊ မိသားစုဝင်များနှင့်တွေ့ဆုံ၍ လိုအပ်သည်များမှာကြားပြီး စစ်သည်နှင့် မိသားစုဝင်များအား ရင်းရင်းနှီးနှီး နှုတ်ဆက်သည်။

ယင်းနောက် တိုင်းမှူးသည် ဇီးကုန်းကျေးရွာအုပ်စုရှိ နယ်မြေခံတပ်ရင်းသို့ ရောက်ရှိပြီး တပ်ရင်းခန်းမ၌ အရာရှိ၊ စစ်သည်၊ မိသားစုဝင်များနှင့် တွေ့ဆုံ၍ လိုအပ်သည်များမှာကြားပြီး စစ်သည်နှင့် မိသားစုဝင်များအား ရင်းရင်းနှီးနှီးနှုတ်ဆက်ခဲ့ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

ပြည်သူ့ရေးရာအရာရှိသင်တန်း အမှတ်စဉ်(၁) သင်တန်းဆင်းအရာရှိများတွေ့ဆုံပွဲ ကျင်းပမည်

ရန်ကုန် အောက်တိုဘာ ၁၄

ဗဟိုဝန်ထမ်းတက္ကသိုလ် (ဖောင်ကြီး) ပြည်သူ့ရေးရာအရာရှိသင်တန်း အမှတ်စဉ် (၁) (အောင်ဆန်းတပ်ခွဲ)မှ သင်တန်းဆရာများအား ဂါရဝပြုပွဲနှင့် သင်တန်းဆင်းအရာရှိများ တွေ့ဆုံပွဲကို ဒီဇင်ဘာလတွင် ကျင်းပရန် စီစဉ်ထားသည်။ ယခုနှစ်တွင် ကျင်းပမည့် တွေ့ဆုံပွဲကို ဗဟိုဝန်ထမ်းတက္ကသိုလ်(ဖောင်ကြီး)သို့ လေ့လာရေးခရီးသွားရောက်၍ အမှတ်တရကျင်းပမည်ဖြစ်ရာ သက်ဆိုင်ရာ သင်တန်းဆင်းများအားလုံး မပျက်မကွက် တက်ရောက်ကြရန် ဖိတ်ကြားထားပြီးဖြစ်သည်။ အသေးစိတ်သိရှိလိုပါက ဦးသောင်းကြည် ဖုန်း- ၅၀၀၇၂၈၊ ၅၀၁၇၃၆နှင့် ဦးစံမြင့် ဖုန်း-၇၃၀၂၅၂၇၉ တို့ထံ ဆက်သွယ်နိုင်ကြောင်း သိရှိရသည်။

(သတင်းစဉ်)

Calsome ကွေကာမှ မိသားစုများ စိတ်လှုပ်ရှားပျော်ရွှင်ဖွယ်ရာ ပြိုင်ပွဲများ ကျင်းပစဉ်။ (သတင်းစဉ်)

Calsome ကွေကာမှ မိသားစုများ စိတ်လှုပ်ရှား ပျော်ရွှင်ဖွယ်ရာပြိုင်ပွဲများ ကျင်းပ

ရန်ကုန် အောက်တိုဘာ ၁၄

Myanmar Distribution Group Co., Ltd. Calsome ကွေကာမှ စီစဉ်ကျင်းပသော Family Challenge ပြိုင်ပွဲ ပွဲစဉ်(၁)ကို အောက်တိုဘာ ၁၀ ရက်တွင် ရန်ကုန်မြို့ City Center၌ ကျင်းပသည်။

ပြိုင်ပွဲမစတင်မီ နံနက် ၁၁ နာရီမှ စတင်၍ Calsome ကွေကာမှ စိတ်ဝင်စားပျော်ရွှင်ဖွယ်ရာကစားနည်းများ၊ Promotion အစီအစဉ်များဖြင့် စတင်ခဲ့ပြီး ပြိုင်ပွဲပထမပိုင်းကို စတင်ယှဉ်ပြိုင်သည်။ ထို့နောက် Calsome ကွေကာမှ ဆင်၊ ကျားသစ်၊ ယုန်အရုပ်ကလေးများဖြင့် ကပြဖျော်ဖြေတင်ဆက်ပြီး ပြိုင်ပွဲ ဒုတိယပိုင်းကို ဆက်လက်ယှဉ်ပြိုင်သည်။

အဆိုပါ ပြိုင်ပွဲတွင် ကစားနည်းများကို Dream Boat အဖွဲ့က စီစဉ်ကြီးကြပ်ပေးပြီး အထူးဆု ငွေကျပ်နှစ်သိန်းကို အထက(၅) တာမွေမှ မောင်ကောင်းစံဖြူးနှင့် မောင်ခန့်ကိုကိုတို့ပါဝင်သော မိသားစုက ရရှိသွားကာ နှစ်သိမ့်ဆု ငွေကျပ်တစ်သိန်းဆု သုံးဆုကိုလည်း ချီးမြှင့်ပေးခဲ့သည်။

ဆုရရှိသူ မိသားစု လေးစုအား MDG Co.,Ltd. လက်ထောက်ဈေးကွက်မန်နေဂျာ ဦးစိုင်းလင်းထွန်းကျော်က ဆုများပေးအပ်ခဲ့ပြီး ဆုရရှိသူ မိသားစုများသည် ၂၀၁၁ ခုနှစ် ဇန်နဝါရီလတွင် ကျင်းပမည့် 'Calsome Family Telematch' ပြိုင်ပွဲကြီး၌ ဝင်ရောက်ယှဉ်ပြိုင်ခွင့် ရရှိသွားပြီဖြစ်သည်။

Calsome Family Challenge ပြိုင်ပွဲကျန်ပွဲစဉ်များကို ရန်ကုန်မြို့ရှိ Ocean (East Point),Sein Gay Har (Parami),Sein Gay Har(Pyay Rd), Junction Centre Maw Tin, Orange Supermarket (N-Okkalar) တို့တွင် ဆက်လက် ကျင်းပသွားမည်ဖြစ်ကြောင်း သိရှိရသည်။ (သတင်းစဉ်)

စာပေဗိမာန် စာမူဆုရစာအုပ် ဖြန့်ချိ

နေပြည်တော် အောက်တိုဘာ ၁၄

ပြန်ကြားရေးဝန်ကြီးဌာန ပုံနှိပ်ရေးနှင့် စာအုပ်ထုတ်ဝေရေးလုပ်ငန်း စာပေဗိမာန်က ၂၀၀၇ ခုနှစ် စာပေဗိမာန်စာမူဆု၊ စာပဒေသာ (တတိယ)ဆုရ အောင်မင်းမြင့် ရေးသားသည့် "ကွယ်လွန်ထင်ရှား ဆရာ(၁၀၀)၏ အားမာန်များ" စာအုပ်ကို ဖြန့်ချိရောင်းချနေပြီဖြစ်သည်။

အဆိုပါစာအုပ်သည် မြန်မာနိုင်ငံ လွတ်လပ်ရေးမရမီမှသည် လွတ်လပ်ရေးရရှိပြီးသည်အထိ မြန်မာ့သမိုင်းတွင် ထင်ပေါ်ကျော်ကြားခဲ့သည့် သူ့ကျွန်မခံ၊ ဇာတိမာန်ဖြင့် မိမိတို့ဘဝကို စွန့်လွှတ်အနစ်နာခံ၍ အမျိုးသားပညာ ရှင်သန်ကြီးပွားအောင် ဆောင်ရွက်ခဲ့ကြသည့် ပညာ့ဝန်ထမ်းပုဂ္ဂိုလ် ၁၀၀တို့၏ ဘဝအတ္ထုပ္ပတ္တိအကျဉ်းကို လက်လှမ်းမီသမျှ စုစည်းတင်ပြထားသည့် စာအုပ်ဖြစ်သည်။

အဆိုပါ စာအုပ်ကို စာပေဗိမာန်စာအုပ်ဆိုင် အမှတ်(တ-၅၅) သပြေကုန်းဈေး နေပြည်တော် ဖုန်း-၀၆၇-၄၁၄၆၈၁၊ စာပေဗိမာန်စာအုပ်ဆိုင် အမှတ် (၅၂၉/၅၃၁) ကုန်သည်လမ်း ရန်ကုန်မြို့ ဖုန်း-၀၁-၂၄၉၀၃၁၊ စာပေဗိမာန်စာအုပ်ဆိုင် မန္တလေးမြို့ ဖုန်း-၀၂-၆၂၉၃၁ နှင့် မြို့အသီးသီးရှိ စာပေဗိမာန်ကိုယ်စားလှယ်များထံ ဆက်သွယ်ဝယ်ယူရရှိနိုင်ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

မြဝတီရုပ်မြင်သံကြား အစီအစဉ်

၁၅-၁၀-၂၀၁၀ (သောကြာနေ့)

နံနက်ပိုင်း

- ၇:၀၀ ၁။ မြဝတီအဖွင့်
- ၇:၀၅ ၂။ တရားတော်
- ၇:၁၅ ၃။ ဓမ္မပူဇာတေး
- ၇:၂၀ ၄။ မျိုးချစ်တပ်မတော်
- ၇:၂၅ ၅။ မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
- ၇:၃၀ ၆။ မြန်မာသံစဉ်ချိုနားဝင်
- ၇:၄၀ ၇။ သာယာသီကြွေး ခေတ်ဆန်းတေး
- ၈:၀၀ ၈။ မြဝတီရုပ်မြင်သံကြား သတင်း
- ၈:၁၀ ၉။ အမျိုးသားရေးတေးကဗျာ
- ၈:၁၅ ၁၀။ အပိတ်နှုတ်ဆက်စကား
- ၈:၁၆ ၁၁။ ပြီးပါပြီ။

ညပိုင်း

- ၄:၀၀ ၁။ မြဝတီအဖွင့်
- ၄:၀၅ ၂။ အဖွင့်သီချင်း
- ၄:၄၀ ၃။ မြတ်နိုးကြစေအမျိုးသားအမွေ
- ၄:၄၅ ၄။ ရင်ခုန်စီးဆင်းအချစ်သီချင်း
- ၄:၅၀ ၅။ မဟာဂီတချိုကြည်မြ
- ၅:၀၀ ၆။ မျိုးချစ်တပ်မတော်
- ၅:၀၅ ၇။ ရင်မှာစွဲလမ်းတော်ဝင်ပန်း
- ၅:၁၅ ၈။ အလွမ်းတေးပန်းချီချစ်သူဆီ
- ၅:၂၀ ၉။ သာယာသီကြွေး ခေတ်ဆန်းတေး
- ၅:၃၀ ၁၀။ သဘာဝပတ်ဝန်းကျင်နှင့် တောတွင်းတိရစ္ဆာန်များ -သနားစရာနွေးကွေးသတ္တဝါ (အပိုင်း-၂) (ဇာတ်သိမ်း)
- ၆:၀၀ ၁၁။ မြဝတီရုပ်မြင်သံကြားသတင်း
- ၆:၂၀ ၁၂။ အမျိုးသားရေးတေးကဗျာ
- ၆:၂၅ ၁၃။ လျှပ်တစ်ပြက်
- ၆:၃၀ ၁၄။ "ရွာ"ဟာသဇာတ်လမ်းတွဲ
- ၆:၄၅ ၁၅။ စောင့်မျှော်ရှုစား ကြိုးဝိုင်းစကား
- ၆:၅၀ ၁၆။ ဘယ်လိုမဲပေးကြမှာလဲ
- ၇:၀၀ ၁၇။ **ရသစုံလင်ရုပ်မြင်ဇာတ်လမ်း -ချစ်ကြိုးယှက်နွယ် (အပိုင်း-၁၇)**
- ၈:၀၀ ၁၈။ မြဝတီရုပ်မြင်သံကြားသတင်း
- ၁၉။ အမျိုးသားရေးတေးကဗျာ
- ၂၀။ နိုင်ငံရေးပါတီများ ဟောပြောချက်
- ၂၁။ နိုင်ငံတကာသတင်း
- ၂၂။ မိုးလေဝသသတင်း
- ၂၃။ **ရုပ်မြင်သံကြားဇာတ်လမ်း -အရုဏ်ဦးမှာဖူးသည့်ကြာ (အပိုင်း-၂)**
- ၂၄။ သံစဉ်များနှင့်ကမ္ဘာ
- ၂၅။ ယနေ့ညအတွက်မြဝတီ၏ တေးလက်ဆောင်
- ၂၆။ **ရသစုံလင်ရုပ်မြင်ဇာတ်လမ်း -အပြုံးပန်းလေးရဲ့ ဖန်ဆင်းရှင်(အပိုင်း-၁၆)**
- ၂၇။ သင့်အတွက်မနက်ဖြန်
- ၂၈။ အပိတ်နှုတ်ဆက်စကား
- ၂၉။ ပြီးပါပြီ။



လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဝန်ကြီး ဦးဌေးဦး ကညင်ချောင်းရေလှောင်တမံ တည်ဆောက်နေမှုကို ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

ဝန်ကြီး ဦးဌေးဦး ကညင်ချောင်းရေလှောင်တမံစီမံကိန်း ကြည့်ရှုစစ်ဆေး

နေပြည်တော် အောက်တိုဘာ ၁၄

လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဝန်ကြီး ဦးဌေးဦးသည် အောက်တိုဘာ ၁၁ ရက် နံနက် ၉ နာရီတွင် ဧရာဝတီတိုင်းဒေသကြီး ဟင်္သာတမြို့နယ် လယ်ကြီးကွင်းကျေးရွာအုပ်စု ရွာသစ်တောင်ရွာ တောင်သူ ဦးမောင်သူ၏ ရွှေဝါထွန်း စပါးခင်းသို့ရောက်ရှိပြီး ဒေသခံတောင်သူများနှင့် တွေ့ဆုံကာ စိုက်ပျိုးထုတ်လုပ်မှု တိုးတက်မြင့်မားရေးနှင့် ကျေးလက်ဒေသ ဖွံ့ဖြိုးရေးလုပ်ငန်းများကို ဆွေးနွေးမှာကြားခဲ့သည်။

ထို့နောက် ညနေ ၃ နာရီတွင် ဟင်္သာတခရိုင် အင်္ဂပူမြို့နယ်၌ ဆည်မြောင်းဦးစီးဌာန တည်ဆောက်ရေး(၉)က တာဝန်ယူတည်ဆောက်နေသည့် ကညင်ချောင်း ရေလှောင်တမံစီမံကိန်းသို့ရောက်ရှိပြီး စီမံကိန်းရှင်းလင်းဆောင်၌ ဆည်မြောင်းဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးကျော်မြင့်လှိုင်က ကညင်ချောင်း ရေလှောင်တမံစီမံကိန်း၏ အဓိကလုပ်ငန်းများနှင့် အသေးစားလျှပ်စစ်ဓာတ်အားစက် တပ်ဆင်မည့်နေရာများ လျာထားဆောင်ရွက်နေမှုတို့ကို ရှင်းလင်းတင်ပြရာ ဝန်ကြီးက လုပ်ငန်းလိုအပ်ချက်များ မှာကြားဖြည့်ဆည်းပေးခဲ့သည်။

ယင်းနောက် ဝန်ကြီးသည် ရှုရပ်အမြင့်ပိုင်းမှနေ၍ စီမံကိန်းလုပ်ငန်းများ ဆောင်ရွက်နေမှုနှင့် ရေပိုလွှဲတည်ဆောက်ပြီးစီးမှုတို့ကို ကြည့်ရှုစစ်ဆေးသည်။

ရေပိုလွှဲမှာ သံကူကွန်ကရစ်(Ogee Type) အမျိုးအစားဖြစ်ပြီး ယနေ့အထိ လုပ်ငန်းဆောင်ရွက်ပြီးစီးမှုမှာ မြေကြီးလုပ်ငန်း ၆၁ ရာခိုင်နှုန်းနှင့် ကွန်ကရစ်လုပ်ငန်း ၁၀၀ ရာခိုင်နှုန်းဖြစ်သည်။

ထို့နောက် ဝန်ကြီးသည် ပင်မတမံတည်ဆောက်မှုလုပ်ငန်းများကို ကြည့်ရှုစစ်ဆေးသည်။ ပင်မတမံမှာ ယခုအခါ မြေကြီးလုပ်ငန်း ၇၅ ရာခိုင်နှုန်းနှင့် ကျောက်စီခြင်းလုပ်ငန်း ၄၃ ရာခိုင်နှုန်း ပြီးစီးနေပြီဖြစ်သည်။

ဆက်လက်၍ ရေသောက်စနစ်များ တည်ဆောက်ပြီးစီးမှုနှင့် အသေးစား ရေအားလျှပ်စစ်ဓာတ်အား စက်တပ်ဆင်မည့်နေရာများကို ကြည့်ရှုစစ်ဆေးသည်။ ရေသောက်စနစ်မှာ မြေကြီးလုပ်ငန်း ၁၉ ရာခိုင်နှုန်းနှင့် တူးမြောင်းအဆောက်အအုံ ကိုးခု တည်ဆောက်ပြီးစီးပြီဖြစ်ရာ ယခုအခါ စီမံကိန်းတစ်ခုလုံး၏ ၆၅ ရာခိုင်နှုန်း ပြီးစီးနေပြီဖြစ်သည်။

ကညင်ချောင်းရေလှောင်တမံသည် ဧရာဝတီမြစ်၏ အနောက်ဘက်ကမ်းရှိ ဆည်အစုအဖွဲ့တွင် တစ်ခုအပါအဝင်ဖြစ်ပြီး ဧရာဝတီတိုင်းဒေသကြီး ဟင်္သာတခရိုင် အင်္ဂပူမြို့နယ် တပ်ကုန်း ကျေးရွာအနီး ကညင်ချောင်းပေါ်တွင် တမံအမြင့် ၁၉၄ ပေ၊ အလျားပေ ၃၇၅၀၊ ကုန်းကြောတမံပေ ၂၈၅၀ ရှိ မြေသားတမံ အမျိုးအစားဖြစ်ပြီး ရေသိုလှောင်နိုင်မှု ပမာဏမှာ ဧကပေ ၁၄၈၈၀၀ ရှိသည်။

ကညင်ချောင်းရေလှောင်တမံ တည်ဆောက်ပြီးစီးပါက ဟင်္သာတခရိုင် အင်္ဂပူမြို့နယ်အတွင်း စိုက်ပျိုးမြေဧက ၂၅၀၀၀ ခန့် စိုက်ပျိုးရေပေးဝေနိုင်မည်ဖြစ်သဖြင့် ဒေသတွင်း စိုက်ပျိုးထုတ်လုပ်မှု တိုးတက်မြင့်မားရေးကို အထောက်အကူပြုနိုင်မည့်အပြင် ဒေသအတွင်း စိမ်းလန်းစိုပြည်ရေးနှင့် ရေအားလျှပ်စစ် ၅ မဂ္ဂါဝပ် ထုတ်ယူနိုင်သည့်အတွက် ဒေသဖွံ့ဖြိုးရေးကိုပါ အထောက်အကူပြုနိုင်မည်ဖြစ်ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

နေပြည်တော်မြန်မာ့အသံရေဒီယိုအစီအစဉ်

(သောကြာနေ့-နံနက်-နေ့လယ်-ည)

၁၅-၁၀-၂၀၁၀

၇း၀၀	အဖွင့်တီးလုံး+နှုတ်ခွန်းဆက် နိုင်ငံတော်သီချင်း+ကြေညာချက်
၇း၀၅	တရားတော် (ဗောဇ္ဈင်္ဂသုတ်+ ဂုဏ်တော်ကွန်ချာ)
၇း၃၀	ဓမ္မပူဇာတေးပဒေသာ
၇း၃၅	(၃၈)ဖြာမင်္ဂလာ
၈း၀၀	နံနက်ခင်းတေးပဒေသာ
၈း၁၀	စံတော်ချိန်+သတင်း
၈း၃၀	နံနက်ခင်းတေးပဒေသာ
၈း၄၀	တေးပဒေသာ
၁၀း၀၀	သောတရှင်လိုရာတေး
၁၀း၃၀	သတင်းစာအာဘော်
၁၀း၃၅	တူယှဉ်သီကြွေးစုံတွဲတေး
၁၁း၀၀	နေ့လယ်ခင်းသတင်း
၁၁း၁၀	နေ့လယ်ခင်းတေးပဒေသာ
၁၁း၃၀	လေလှိုင်းကြားကပွဲတင်သံ
၁၁း၄၅	တေးပဒေသာ
၁၂း၀၀	စံတော်ချိန် ဆိုကြပျော်ရွှင်တေးသံစဉ် (INTERMEDIATE LEVEL)
၁၂း၃၀	အလုပ်အကိုင်အခွင့်အလမ်း နေ့လယ်ခင်းတေးပဒေသာ
၁း၀၀	မွန်းလွဲပိုင်းသတင်း
၁း၁၀	နေ့လယ်ခင်းတေးပဒေသာ
၁း၃၀	အစီအစဉ်ပြီး၏။
၄း၀၀	အဖွင့်တီးလုံး+ကြေညာချက် ညနေခင်းတေးပဒေသာ
၄း၃၀	စစ်သည်အတွက် တေးလက်ဆောင်
၅း၀၀	Music Talk တေးပဒေသာ
၅း၁၅	ပြောပါရစေရှင်(ဘဝအဓိပ္ပာယ်)
၅း၂၅	သတင်းစာဆောင်းပါး
၅း၃၀	ရင်ခုန်စီးဆင်း အနုပညာသတင်း(၁၂)
၆း၀၀	ညနေခင်းသတင်း
၆း၁၀	လူမှုစာနာပြန်ကြားလွှာ
၆း၂၀	တေးချစ်သူရွေးသီ တေးပန်းချီ နိုင်ငံရေးဦးတည်ချက် တေးပဒေသာ
၇း၀၀	နိုင်ငံတကာသတင်း
၇း၁၀	ညချမ်းချိန်ခါတေးပဒေသာ
၇း၂၅	ဇာတ်လမ်းပမာနားဆင်စရာ (ကျွန်တော်နဲ့သူ)
၇း၄၅	တေးပဒေသာ
၈း၀၀	ပြည်တွင်းသတင်း
၈း၁၅	-နိုင်ငံရေးပါတီများ၏ ဟောပြောချက်များ အနုအလှအစုံစုံ သူ့ဘဝအဖုံဖုံ (ရီရီသန့်) စီးပွားရေးဦးတည်ချက် တေးပဒေသာ
၉း၁၀	ဆောင်းပါး(မိတ်ကောင်းဆွေကောင်း)
၉း၀၅	ခံစားနားဆင်မြန်မာတေးသံစဉ် လူမှုရေးဦးတည်ချက် ညချမ်းချိန်ခါတေးပဒေသာ
၉း၅၉	အဖိတ်နေ့နှိုးဆော်ချက်
၁၀း၀၀	အစီအစဉ်ပြီး၏။

KIA သောင်းကျန်းသူများ ထောင်ထားသည့်မိုင်းအား နင်းမိပေါက်ကွဲသဖြင့် အပြစ်မဲ့ပြည်သူနှစ်ဦး သေဆုံးပြီး တစ်ဦးဒဏ်ရာရရှိခဲ့

နေပြည်တော် အောက်တိုဘာ ၁၄

ကချင်ပြည်နယ် မိုးကောင်းမြို့နယ် ပင်းဘောကျေးရွာအုပ်စု ပင်းကြိုင်းကျေးရွာနေ ရွာသားငါးဦးသည် သားကောင်ဖမ်းရန် ထောင်ထားသည့် ၎င်းတို့၏ သုတ်ကိုင်းများ ဖြုတ်ရန် ရွာအနောက်ဘက် ၁၀ မိုင်ခန့်အကွာ ကချင်အထူးဒေသ(၂)နယ်မြေ နွားလပို့တောင်ပေါ်သို့ သွားစဉ် အောက်တိုဘာ ၁၃ ရက် မွန်းတည့် ၁၂ နာရီခန့်တွင် နွားလပို့တောင်ထိပ်၌ KIA သောင်းကျန်းသူများထောင်ထားသည့် မိုင်းတစ်လုံးအား နင်းမိပြီး ပေါက်ကွဲသဖြင့် ဦးမြင့်ဖေနှင့် ဦးအောင်ကျော်သိန်းတို့နှစ်ဦး သေဆုံးခဲ့ပြီး ဦးဝင်းဘိုမှာ ဝဲခြေသလုံး ပေါက်ပြဲဒဏ်ရာ၊ ဝဲချိုင်းအောက်နှင့် ဝဲလက်ဖျံစူးဝင်ဒဏ်ရာများ ရရှိခဲ့၍ ပင်းဘောတိုက်နယ်ဆေးရုံသို့ ပို့ဆောင်ကုသပေးလျက်ရှိကြောင်း သိရှိရသည်။

၂၀၁၀ ခုနှစ် ဇန်နဝါရီ ၁ ရက်မှ အောက်တိုဘာ ၁၄ ရက်အထိ နိုင်ငံတစ်ဝန်း၌ သောင်းကျန်းသူများ ထောင်ထားသည့် မိုင်းနင်းမိပေါက်ကွဲမှုကြောင့် သေဆုံးသူ အမျိုးသား ၁၁ ဦး၊ အမျိုးသမီး သုံးဦး ပေါင်း ၁၄ ဦးနှင့် ဒဏ်ရာရရှိသူ အမျိုးသား ၅၂ ဦး၊ အမျိုးသမီး ခုနစ်ဦး ပေါင်း ၅၉ ဦးရှိကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

အင်ဂျင်နီယာဒီပလိုမာ ဘာသာရပ်စုံလင်စွာသင်ကြားနိုင်

ရန်ကုန် အောက်တိုဘာ ၁၄

GALLANT Training Centre မှ City & Guilds (Institute) အင်္ဂလန်နိုင်ငံ၏ Approved Centre ရယူထားပြီး အင်ဂျင်နီယာ မေဂျာဘာသာရပ် ခုနစ်မျိုးနှင့် အဆင့်မြင့် ဒီပလိုမာ ဘာသာရပ် ငါးမျိုးကို အင်္ဂလန်နိုင်ငံ၏ သင်ရိုးညွှန်းတမ်းအတိုင်း စာတွေ့၊ လက်တွေ့ သင်ကြားလျက်ရှိသည်။

City & Guilds အင်ဂျင်နီယာ ဒီပလိုမာဘာသာရပ်များကို တက္ကသိုလ်ဝင်စာမေးပွဲ အောင်မြင်ပြီးသူများ၊ တက္ကသိုလ်မှ ဘွဲ့တစ်ခု ရရှိထားပြီးသူများနှင့် အင်ဂျင်နီယာလုပ်ငန်းခွင်သို့ ဝင်ရောက်နေပြီး နိုင်ငံတကာအသိအမှတ်ပြု ရယူလိုသူများ တက်ရောက်နိုင်သည်။ အင်ဂျင်နီယာဘာသာရပ်ကို မသင်ကြားမီ အင်ဂျင်နီယာပညာရပ် အခြေခံမရှိသူများ တက်ရောက်နိုင်ရန် အခြေခံဘာသာရပ်ဖြစ်သော Engineering (Maths, Science, Drawing and English) ဘာသာရပ်များကိုပါ ထည့်သွင်းသင်ကြားပေးသည်။ သင်တန်းကာလ တစ်နှစ်အတွင်း ကုန်ကျစရိတ်သက်သာစွာဖြင့် နိုင်ငံတကာအသိအမှတ်ပြု အသက်မွေးဝမ်းကျောင်းဒီပလိုမာ ရရှိနိုင်မည်ဖြစ်သည်။

GALLANT သင်တန်းတွင် သင်ကြားလျက်ရှိသော အင်ဂျင်နီယာဘာသာရပ်များမှာ Mechanical & Electrical, Mechanical Power, Electrical Power, Electronic နှင့် Civil ဘာသာရပ်များဖြစ်ပြီး စက်ရုံ၊ ဟိုတယ်၊ သင်္ဘောကျင်း၊ ရေနံတူးဖော်ရေး အစရှိသည့် အင်ဂျင်နီယာလုပ်ငန်းခွင်များ၌ အလုပ်ရရန် လွယ်ကူသော လစာခံစားခွင့် အားသာချက်အများဆုံးဖြစ်သည့် Mechanical & Electrical ဘာသာရပ်ကိုလည်း ရွေးချယ်တက်ရောက်နိုင်သကဲ့သို့ အချိန်တိုအတွင်း ဒီပလိုမာနှစ်ခု တစ်ပြိုင်တည်း ရယူနိုင်သည့် Double Diploma (EP & EC) နှင့် Double Diploma (MP & M & E) ဘာသာရပ်များကိုလည်း တက်ရောက်နိုင်ပြီဖြစ်သည်။

City & Guilds (Institute) မှ ခြောက်လလျှင် တစ်ကြိမ်၊ တစ်နှစ်လျှင် စာမေးပွဲ နှစ်ကြိမ်ကို ဇွန်လနှင့် ဒီဇင်ဘာလများတွင် ကျင်းပပေးလျက်ရှိသည်။ မိမိကြိုက်နှစ်သက်ရာ ဘာသာရပ်အလိုက် ခွဲပြီး ဝင်ရောက်ဖြေဆိုနိုင်သည့် အရည်အချင်း အသိအမှတ်ပြုစာမေးပွဲကို ကျင်းပပေးသည်။

City & Guilds အင်ဂျင်နီယာ ဒီပလိုမာဘာသာရပ်များသည် International Vocational Qualification (IVQ) လက်မှတ်ဖြစ်သဖြင့် လုပ်ငန်းခွင်၌ ချက်ချင်းအသုံးချနိုင်သည့် ဒီပလိုမာ ဘာသာရပ်များဖြစ်သည်။ ထိုအင်ဂျင်နီယာဒီပလိုမာ ဘာသာရပ်များကို အချိန်ပိုင်းသာ တက်ရောက်ရသဖြင့် အလုပ်တစ်ဖက်ဖြင့် တက်ရောက်လိုသူများ နိုင်ငံတော်မှ ပေးအပ်မည့် ဘွဲ့တစ်ခုအပြင် လေ့လာသင်ယူနိုင်သည်။ တစ်နှစ်တက်ရောက်ရသည့် City & Guilds အင်ဂျင်နီယာဒီပလိုမာ ဘာသာရပ်များသည် Technician အဆင့် ပေးအပ်သော ဒီပလိုမာလက်မှတ်ဖြစ်သဖြင့် ပြည်တွင်း၊ ပြည်ပလုပ်ငန်းခွင်၌ Technician အဆင့်ဖြင့် လျှောက်ထားနိုင်သည့် အခွင့်အလမ်းများ ရရှိမည်ဖြစ်သည်။

GALLANT သင်တန်းကျောင်းက ပြည်တွင်း၊ ပြည်ပ အလုပ်အကိုင် အခွင့်အလမ်း လျှောက်ထားရန် ပြည်တွင်းစက်ရုံ၊ အလုပ်ရုံများသို့ တိုက်ရိုက် အလုပ်လျှောက်ထားပေးသည်။ ပြည်ပတွင် အလုပ်လျှောက်ထားမည့်သူများအတွက် ဘာသာရပ်ရွေးချယ်မှု၊ မိမိရရှိထားသော ဘွဲ့၊ ဒီပလိုမာ၊ လုပ်ငန်းအတွေ့အကြုံများ၊ လူမှုပေါင်းသင်း ဆက်ဆံရေး (ကိုယ်ရည်ကိုယ်သွေး)နှင့် English Communication၊ ကွန်ပျူတာ Skill များအပေါ်မူတည်ပြီး လျှောက်ထားသင့်သည့် ပါမစ်များ၊ ထိုနိုင်ငံ၏ MOM မူဝါဒ၊ အမှန်တကယ်ရရှိနိုင်မည့်လစာ အစရှိသည်တို့ကိုပါ ဆွေးနွေးတိုင်ပင်ပေးပြီး မြန်မာနိုင်ငံရှိ ပြည်ပအလုပ်အကိုင် လိုင်စင်ရ အေဂျင်စီများမှ တစ်ဆင့် အလုပ်ရရှိရန် စီစဉ်ဆောင်ရွက်ပေးသည်။

အင်ဂျင်နီယာဒီပလိုမာဘာသာရပ်များ၏ အပတ်စဉ်(၅) တန်းခွဲ(၁)ကို စက်တင်ဘာလတွင် ဖွင့်လှစ်ခဲ့ပြီး အတန်းသစ်တက်ရောက်လိုသူများအတွက် တန်းခွဲ(၂)ကို အောက်တိုဘာ ၁၅ ရက်တွင် ထပ်မံဖွင့်လှစ်မည်ဖြစ်၍ စိတ်ပါဝင်စားသူများသည် အမှတ်(၅) ဘီ(၅) (၄)လွှာ ဦးထွန်းလင်းခြံလမ်း လှည်းတန်း ကမာရွတ်မြို့နယ် ရန်ကုန်မြို့ ဖုန်း-၇၃၀၃၂၆၇၀၊ ၅၃၉၄၀၃၊ ၅၁၃၈၀၄ နှင့် ၀၉-၅၁၂၈၀၂၆ တို့သို့ ဆက်သွယ်နိုင်ကြောင်း သိရှိရသည်။ (သတင်းစဉ်)

ရွှေကျင်မြို့နယ်၌ မိုးမြေပဲစံကွက်ရိတ်သိမ်း

ရွှေကျင် အောက်တိုဘာ ၁၄

ပဲခူးတိုင်းဒေသကြီး ရွှေကျင်မြို့နယ်တွင် မိုးမြေပဲစံကွက်ရိတ်သိမ်းပွဲကို ခြေတော်ရာ ကျေးရွာအုပ်စုရှိ ဒေါ်သန်းလေး၏ ၅ ဧက တောင်ယာမြေပဲခင်း၌ စက်တင်ဘာ ၁၆ ရက် နံနက် ၈ နာရီက ကျင်းပရာ ယင်းရိတ်သိမ်းပွဲသို့ ပဲခူးခရိုင် စိုက်ပျိုးရေး မန်နေဂျာ ဦးသန်းဦး၊ မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးသိန်းဦး၊ မြို့နယ်စိုက်ပျိုးရေး မန်နေဂျာ ဦးမြင့်အောင်နှင့် ဝန်ထမ်းများ၊ မြို့နယ် စိုက်/ညှိ ကော်မတီများမှ မြေပဲစံကွက်အား ရိတ်သိမ်းရာ တစ်ဧကလျှင် အထွက်နှုန်း ၅၇ ဒသမ ၂၉ တင်းထွက်ရှိကြောင်း သိရသည်။ **(အပေါ်ပုံ)** (၄၇၀)

ရန်ကုန်မြို့ ဆေးတက္ကသိုလ် နောက်ဆုံးနှစ် အပိုင်း(က) အုပ်စု(၃)မှ ကျောင်းသား၊ ကျောင်းသူများက ထာဝရဆေးပဒေသာပင်အတွက် ငွေကျပ် ၁၁၈၀၀၀ ကို နှင်းဆီကုန်းဘိုးဘွားရိပ်သာ အမှုဆောင်အဖွဲ့ဝင် ပါမောက္ခချုပ် ဒေါက်တာ ဒေါ်မေဝင်းအောင်ခင်ထံ ပေးအပ်လှူဒါန်းစဉ်။ (ကြေးမုံ)

တွံတေးမြို့နယ် အလယ်ချောင်း အလက၏ ၂၀၀၉-၂၀၁၀ ပညာသင်နှစ် မိဘဆရာအသင်း နှစ်ပတ်လည်အစည်းအဝေးနှင့် ပညာရည်ချွန်ဆုပေးပွဲကို စက်တင်ဘာ ၂၈ ရက်က ကျင်းပရာ စတုတ္ထတန်း၌ ပထမဆုရ မငြိမ်းငြိမ်းဇော်အား ကျောင်းအုပ်ဆရာကြီး ဦးမြတ်ဝေတိုးက ဆုချီးမြှင့်စဉ်။ (ပညာရေး)

အယ်လ်ခိုင်ဒါခြိမ်းခြောက်မှုကို တုံ့ပြန်ရေး ဂျီ-၈ အုပ်စုဝင် နိုင်ငံများဆွေးနွေး

ဘာမာကို　အောက်တိုဘာ　၁၄

အာဖရိကအနောက်မြောက်ပိုင်းမှ အစ္စလာမ္မစ်အစွန်းရောက်စစ်သွေးကြွများ၏ ခြိမ်းခြောက်မည့်အန္တရာယ်ကို မည်သို့မည်ပုံ တုံ့ပြန်ရမည်ဟူသော နည်းလမ်းအား ရှာကြံရန် စက်မှုဖွံ့ဖြိုးပြီး ရှစ်နိုင်ငံအုပ်စု (ဂျီ-၈) အဖွဲ့ဝင်နိုင်ငံများက ဆွေးနွေးမှုများ ပြုလုပ်ခဲ့ကြောင်း ယနေ့သတင်းများတွင် ဖော်ပြသည်။

ယင်းအာဖရိကဒေသ၌ လွန်ခဲ့သည့်လက ပြင်သစ် နျူကလီးယား နည်းပညာကုမ္ပဏီတစ်ခုအတွက် ယူရေနီယမ် မိုင်းတွင်းတွင် တာဝန်ထမ်းဆောင်နေသော ပြင်သစ်နိုင်ငံသားငါးဦးနှင့် အာဖရိကတိုက်သားနှစ်ဦးတို့ကို အယ်လ်ခိုင်ဒါ အကြမ်းဖက်ကွန်ရက်နှင့် ဆက်နွှယ်နေသော စစ်သွေးကြွအုပ်စုတစ်ခုက ပြန်ပေးဆွဲခဲ့သည်။

ဓားစာခံများကို ပြင်သစ်အစိုးရက တပ်ဖွဲ့ဝင် ဒါဇင်ပေါင်းများစွာနှင့် လေယာဉ်များကိုအသုံးပြုကာ ရှာဖွေနေဆဲဖြစ်သည်။

ကြာသပတေးနေ့တွင် ပြီးဆုံးခဲ့ပြီဖြစ်သော နှစ်ရက်ကြာ ဂျီ-၈ အုပ်စုဝင်နိုင်ငံများ၏ ထိပ်သီးအစည်းအဝေးသို့ ဂျီ-၈ နိုင်ငံများ၊ ဒေသတွင်း အာဖရိကနိုင်ငံများ၊ ကုလသမဂ္ဂနှင့် ဒေသတွင်း အဖွဲ့အစည်းများမှ အကြမ်းဖက်မှုတိုက်ဖျက်ရေး ကျွမ်းကျင်သူများ တက်ရောက်ခဲ့ကြသည်။

သို့ရာတွင် အတိတ်သမိုင်းအရ မြောက်အာဖရိကရှိ ဆာဟာရဒေသတွင်းနိုင်ငံ များသည် ၎င်းတို့ဒေသများအတွင်း ပြည်ပတပ်ဖွဲ့ဝင်များက စစ်ရေးလှုပ်ရှားမှုများ တိုက်ရိုက်ဝင်ရောက်လုပ်ဆောင်မှုကို လိုလားခြင်းမရှိကြောင်း မာလီနိုင်ငံစစ်ဘက်ဆိုင်ရာ တာဝန်ရှိသူတစ်ဦးက အေပီသတင်းဌာနသို့ ထုတ်ဖော်ပြောကြားသည်။

ဆာဟာရဒေသတွင်း နိုင်ငံများဖြစ်သော အယ်လ်ဂျီးရီးယား၊ မောရစ်တေးနီးယား၊ မာလီနှင့် နိုင်ဂျာနိုင်ငံများသည် အတိတ်က ပြင်သစ်၏ ကိုလိုနီနိုင်ငံများ ဖြစ်ခဲ့ဖူးသည်။　**အေပီ။**

မြောက်အာဖရိကရှိ အေကျူအိုင်အမ်ခေါ် အယ်လ်ခိုင်ဒါနှင့် ဆက်နွှယ်သည့် အစ္စလာမ္မစ် စစ်သွေးကြွများ။

ပိတ်မိချီလီမိုင်းလုပ်သားအားလုံးကို အောင်မြင်စွာ ကယ်တင်နိုင်

ကိုပီယာပို　အောက်တိုဘာ　၁၄

ချီလီနိုင်ငံတွင် ဩဂုတ် ၅ ရက်က ပြိုကျခဲ့သော ကြေးနီနှင့် ရွှေသတ္တုမိုင်းတွင်း မြေအောက်တွင် ရက်သတ္တ ၁၀ ပတ်ကြာမျှ စံချိန်တင်ပိတ်မိနေခဲ့သော ချီလီမိုင်းလုပ်သား ၃၃ ဦးလုံးကို ချီလီကယ်ဆယ်ရေးဝန်ထမ်းများက အထစ်အငေါ့မရှိ အောင်မြင်စွာ ကယ်ထုတ်နိုင်ခဲ့ကြောင်း ကြာသပတေးနေ့သတင်းများတွင် ဖော်ပြထားသည်။

၂၂ နာရီကြာမြင့်

၂၂ နာရီကြာမြင့်ခဲ့သည့် ပိတ်မိမိုင်းလုပ်သားများ ကယ်ဆယ်ရေးအစီအစဉ်ကို ချီလီနိုင်ငံနှင့်တကွ ကမ္ဘာတစ်ဝန်းလုံးရှိ သန်းပေါင်းများစွာသော ပြည်သူများက စိတ်လှုပ်ရှားစွာ စောင့်ကြည့်ခဲ့ကြကြောင်း သတင်းများတွင် ဖော်ပြသည်။

မိုင်းတွင်းမြေအောက်မှ အသက်ရှင်လွတ်မြောက်လာသူအားလုံးသည် ပြန်လည်မွေးဖွားခြင်း အတွေ့အကြုံကို ခံစားနေရပြီဖြစ်ကြောင်း ဆန်ဟိုဆေး ရွှေနှင့် ကြေးနီမိုင်းတွင်းမှ တစ်ပြည်လုံးသို့ မိန့်ခွန်းပြောကြားရာတွင် ချီလီသမ္မတ ဆီဘက်စ်ရှန်ပင်နီရာက ထည့်သွင်းပြောဆိုသည်။

အထိမ်းအမှတ်

မြေအောက်၌ ပိတ်မိနေသော နောက်ဆုံးကျန်မိုင်းလုပ်သားကို မြေပေါ်အရောက် ကယ်တင်ပြီးနောက် ပြိုကျခဲ့သော မိုင်းတွင်းပတ်ဝန်းကျင် ကောင်းကင်ပေါ်သို့ ချီလီနိုင်ငံအလံတွင် ပါဝင်သော အရောင်များကိုရေးခြယ်ထားသည့် မီးပုံးပျံဖောင်း ၃၃ လုံးကို လွတ်မြောက်လာသူများအတွက် အထိမ်းအမှတ် အဖြစ် ကြိုးဆိုင်းလွှင့်တင်ထားခဲ့ကြောင်း သိရသည်။

အောက်တိုဘာ ၁၄ ရက် သတင်းများအရ ပိတ်မိမိုင်းလုပ်သားများအားကယ်ဆယ်ရန် မြေအောက်ဥမင်လိုဏ်ခေါင်း အတွင်းအထိ ဆင်းသက်ခဲ့သော ကယ်ဆယ်ရေးဝန်ထမ်းခြောက်ဦးသည်လည်း မြေပြင်ပေါ်သို့ ဘေးမသီရန်မခ ရောက်ရှိပြီဖြစ်ကြောင်း သိရသည်။　**အေပီ။**

အာဖဂန်နစ္စတန်ရှိ နိုင်ငံတကာတပ်ဖွဲ့၏ အထူးလုပ်ငန်းတာဝန်ကို သက်တမ်းတစ်နှစ်တိုးချဲ့

ကုလသမဂ္ဂ　အောက်တိုဘာ　၁၄ - အာဖဂန်နစ္စတန်နိုင်ငံတွင် နေတိုးဦးဆောင်သော နိုင်ငံတကာလုံခြုံရေး အထောက်အကူပြုတပ်ဖွဲ့၏ အထူးလုပ်ငန်းတာဝန်ကို ၂၀၁၁ ခုနှစ် အောက်တိုဘာ ၁၃ ရက်အထိ သက်တမ်းတစ်နှစ် တိုးချဲ့လိုက်ကြောင်း ကုလသမဂ္ဂလုံခြုံရေးကောင်စီ၏ ဆုံးဖြတ်ချက်တွင် ဖော်ပြထားသည်။

အာဖဂန်နစ္စတန်နိုင်ငံရှိ နိုင်ငံတကာလုံခြုံရေးအတွက် နောက်ထပ်တပ်ဖွဲ့များ စေလွှတ်ပေးစေလိုကြောင်း ကုလသမဂ္ဂလုံခြုံရေးကောင်စီက မေတ္တာရပ်ခံသည်။

အာဖဂန်နစ္စတန်နိုင်ငံတွင် တာလီဘန်နှင့် အယ်လ်ခိုင်ဒါအဖွဲ့တို့၏ ခြိမ်းခြောက်မှုများ ပိုမိုပြင်းထန်လာသဖြင့် အရပ်သူ၊ အရပ်သား အများအပြား သေဆုံးရသည့် ဖြစ်ရပ်များ ဆက်တိုက်ပေါ်ထွက်ခဲ့ကြောင်း၊ သေဆုံးသူအများစုမှာ အမျိုးသမီးများနှင့် ကလေးများဖြစ်ကြကြောင်း လုံခြုံရေးကောင်စီ၏ ဆုံးဖြတ်ချက်တွင် ဖော်ပြသည်။

အာဖဂန်နစ္စတန်နိုင်ငံရှိ နိုင်ငံတကာလုံခြုံရေး အထောက်အကူပြုတပ်ဖွဲ့အတွက် တပ်ဖွဲ့ဝင်များ၊ စစ်ဘက်ဆိုင်ရာကိရိယာများနှင့် အခြားသော အထောက်အကူပြုပစ္စည်းများကို ပိုမိုထောက်ပံ့ပေးကြရန် အဖွဲ့ဝင်နိုင်ငံများအား တိုက်တွန်းကြောင်း အဆိုပါ ဆုံးဖြတ်ချက်တွင် ဖော်ပြသည်။

အာဖဂန်နစ္စတန်နိုင်ငံတွင် တာလီဘန်စစ်သွေးကြွများကို ချေမှုန်းနိုင်ရန် အမေရိကန်နှင့် နေတိုးတပ်ဖွဲ့ဝင် ၁၅၂၀၀၀ ကျော်ကို ဖြန့်ကြက်ထားသည်။ အာဖဂန်လုံခြုံရေးတပ်ဖွဲ့များ၏ စွမ်းပကားကို ဖြည့်တင်ပေးနိုင်ရန် အာဖဂန်အစိုးရအဖွဲ့နှင့် နိုင်ငံတကာလုံခြုံရေး အထောက်အကူပြု တပ်ဖွဲ့တို့က ပူးပေါင်းဆောင်ရွက်မှုမြှင့်တင်ရန် လုံခြုံရေးကောင်စီက တိုက်တွန်းသည်။　**အေအက်ဖ်ပီ။**

အစ္စရေးကို ကန့်ကွက်သည့်အနေဖြင့် အိုအီးစီဒီ ဆွေးနွေးပွဲ တူရကီ တက်ရောက်မည်မဟုတ်

အန်ကာရာ အောက်တိုဘာ ၁၄

အစ္စရေးနိုင်ငံက ပါလက်စတိုင်းများကို ရန်လိုစိတ်ဖြင့် ဆက်ဆံနေခြင်းကို ကန့်ကွက်သည့်အနေဖြင့် ဂျေရုဆလင်မြို့၌ ကျင်းပမည့် စီးပွားရေးပူးပေါင်းဆောင်ရွက်မှုနှင့် ဖွံ့ဖြိုးရေးအဖွဲ့(အိုအီးစီဒီ)၏ ခရီးသွားလုပ်ငန်းဆွေးနွေးပွဲသို့ တူရကီနိုင်ငံတက်ရောက်မည်မဟုတ်ဟု တူရကီနိုင်ငံ ယဉ်ကျေးမှုနှင့် ခရီးသွားလုပ်ငန်းဌာနဝန်ကြီး အာတူဂူလ်က အောက်တိုဘာ ၁၃ ရက်တွင် ပြောကြားခဲ့သည်။

အစ္စရေးနိုင်ငံသည် နိုင်ငံရေးဆိုင်ရာပြဿနာတစ်ရပ်ကို ဖန်တီးခဲ့သဖြင့် စီးပွားရေးပူးပေါင်း ဆောင်ရွက်မှုနှင့် ဖွံ့ဖြိုးရေးအဖွဲ့ (အိုအီးစီဒီ) အစည်းအဝေးကို မိမိတို့နိုင်ငံက တက်ရောက်မည် မဟုတ်ဟု ၎င်းက ပြောကြားခဲ့သည်။

တစ်နှစ်လျှင် နှစ်ကြိမ်ကျင်းပသော အိုအီးစီဒီအစည်းဝေးကို ဂျေရုဆလင်အနောက်ပိုင်း၌ အောက်တိုဘာ ၂၀ ရက်မှ ၂၁ ရက်အထိ နှစ်ရက်ကြာ ကျင်းပမည်ဖြစ်သည်။　**အင်တာနက်။**

ပြည်ပနိုင်ငံများအတွက် သူလျှိုလုပ်မှု လူငါးဦးကိုအီရန်၌ဖမ်းဆီး

တီဟီရန်　အောက်တိုဘာ　၁၄

အီရန်အစိုးရ အဖွဲ့အစည်းများနှင့် သက်ဆိုင်သောလျှို့ဝှက်သတင်းအချက်အလက်များကို ပြည်ပနိုင်ငံများသို့ လွှဲပြောင်းပေးအပ်ခဲ့သူ ငါးဦးကို ဖမ်းဆီးရမိကြောင်း အိုင်အာအင်န်အေသတင်းဌာနက အောက်တိုဘာ ၁၄ ရက်တွင် သတင်းထုတ်ပြန်သည်။

ထိန်းသိမ်းခဲ့သူငါးဦးမှာ ငွေကြေးရရှိရန်အတွက် ပြည်ပထောက်လှမ်းရေးအဖွဲ့အစည်းများအတွက် သူလျှိုပြုလုပ်ပေးခဲ့ကြောင်း အီရန်အစိုးရရှေ့နေချုပ် အဘတ်စ်ဒိုလာတာဘာဒီက ပြောကြားသည်။

အဆက်အသွယ်လုပ်ခဲ့

သူလျှိုပြုလုပ်သူငါးဦးသည် အမေရိကန် နိုင်ငံအပါအဝင် ပြည်ပနိုင်ငံများနှင့် အဆက်အသွယ်ပြုလုပ်ခဲ့ကြောင်း ၎င်းက ပြောကြားသည်။

အီရန်အစိုးရ အဖွဲ့အစည်းများမှ တာဝန်ရှိသူများအနေဖြင့် လျှို့ဝှက်သတင်းအချက်အလက်များ မပေါက်ကြားရေးအတွက် သတိရှိကြရန် ရှေ့နေချုပ်က တိုက်တွန်းသည်။

အကြံထုတ်နေ

မိမိတို့၏ ရန်သူများသည် နိုင်ငံတော်၏ လျှို့ဝှက်ချက်များကို မသမာသောနည်းလမ်းများနှင့် ရယူရန်အမြဲတစေ အကြံထုတ်နေမည်သာဖြစ်ကြောင်း ၎င်းက ပြောကြားသည်။

ပေးပို့ခဲ့

အဆိုပါ သူလျှိုငါးဦးသည် အီရန်နိုင်ငံ၏ တရားစီရင်ရေး၊ စစ်ဘက်၊ အာကာသအေဂျင်စီနှင့် မြို့တော်တည်ဆောက်ပုံစသည်တို့နှင့် ပတ်သက်၍ လျှို့ဝှက်သတင်း အချက်အလက်များကို ရယူကာ ပြည်ပနိုင်ငံများရှိ ထောက်လှမ်းရေးအဖွဲ့အစည်းများထံ ပေးပို့ခဲ့ကြောင်း ၎င်းက ပြောကြားသည်။

အမ်အင်အေ၊ ဆင်ဟွာ။

ငါးနှစ်အတွင်း အီရတ်အရပ်သား ၇၇၀၀၀ သေဆုံးကြောင်း အမေရိကန်စစ်ဘက် ထုတ်ပြန်

အီရတ်နိုင်ငံ ဘဂ္ဂဒက်မြို့တွင် အောက်တိုဘာ ၁၃ ရက်က ဗုံးပေါက်ကွဲမှုဖြစ်ပွားပြီးနောက် မြင်ကွင်း။

ဘဂ္ဂဒက်　အောက်တိုဘာ　၁၄

အီရတ်စစ်ပွဲကာလအတွင်း ၂၀၀၄ ခုနှစ် အစောပိုင်းမှ ၂၀၀၈ ခုနှစ် နှစ်လယ်ပိုင်းအထိ အီရတ်အရပ်သားများနှင့် လုံခြုံရေးအရာရှိများသေဆုံးသည့်အရေအတွက်မှာ ၇၇၀၀၀ နီးပါးရှိကြောင်း အမေရိကန်စစ်ဘက်က ထုတ်ပြန်ကြေညာသည်။

ယင်းအရေအတွက်သည် အီရတ်အစိုးရကကြေညာသော ကိန်းဂဏန်းထက်လျော့နည်းလျက်ရှိသည်။

အီရတ်နိုင်ငံ၏ ဂိုဏ်းဂဏအုပ်စုကွဲများ၏ တိုက်ပွဲများမှသည် အမေရိကန်တပ်ဖွဲ့များက စစ်သွေးကြွများကို နှိမ်နင်းသည့်ကာလအထိ သေပျောက်မှုများကို အမေရိကန်စစ်ဘက်က ရေတွက်ထားခြင်းဖြစ်သည်။ အီရတ်နိုင်ငံ လူ့အခွင့်အရေးဝန်ကြီးဌာနက ၂၀၀၄ ခုနှစ် စောစောပိုင်းမှ ၂၀၀၈ ခုနှစ်အောက်တိုဘာလ အထိ ကောက်ယူ၍ ယမန်နှစ်က ကြေညာခဲ့သော ၈၅၆၉၄ ဦးထက်လျော့နည်းလျက်ရှိသည်။

နိုင်ငံအများအပြားနှင့် အမေရိကန်ပြည်သူအများစုက အီရတ်စစ်ပွဲကို ဆန့်ကျင်ကြသဖြင့် နိုင်ငံရေးအရ အရှုံးအမြတ် ရှိလာသောကြောင့် အမေရိကန်ဦးဆောင်သော ယင်းစစ်ပွဲ၏ အသေအပျောက်စာရင်းကို အလေးအနက်ထား အငြင်းပွားကြခြင်းဖြစ်သည်။

အီရတ်အရပ်သားများသေဆုံးသည့် စာရင်းဇယားအပြည့်အစုံကို အသိပေးရန် အေပီသတင်းဌာန၏ မေတ္တာရပ်ခံချက်အား အမေရိကန်စစ်ဘက်က အကြိမ်ကြိမ်ငြင်းဆိုခဲ့သော်လည်း ယခုစာရင်းဇယားများကို အမေရိကန်အလယ်ပိုင်းစစ်ဌာနချုပ်က ၎င်း၏ ဝက်ဘ်ဆိုက်တွင် ဇူလိုင်လ၌ ရှင်းလင်းချက်မပါဘဲ ထုတ်ပြန်ဖော်ပြထားသည်။ သတင်းလွတ်လပ်ခွင့်ဥပဒေအရ ၂၀၀၅ ခုနှစ်က ပထမဆုံးအကြိမ် မေတ္တာရပ်ခံတောင်းခံခဲ့သော စစ်ဘက်နှင့် အရပ်ဘက်သေဆုံးသူစာရင်းကို အေပီသတင်းဌာနက အလှည့်ကျစောင့်ကြည့်ရာမှ ယင်းကိန်းဂဏန်းအသစ်ကို ယခုအပတ်အတွင်း၌ တွေ့ရှိခဲ့ခြင်းဖြစ်သည်။　**အေပီ။**

နိုင်ငံတကာသတင်းများ

ပါကစ္စတန်ဝန်ကြီးချုပ်ကို လုပ်ကြံမည့် အစီအစဉ် ရဲတပ်ဖွဲ့ဖြိုခွင်း

မူလ်တန် (ပါကစ္စတန်) အောက်တိုဘာ ၁၄ - ပါကစ္စတန်ဝန်ကြီးချုပ်နှင့် အစိုးရ ထိပ်တန်းတာဝန်ရှိသူများကို လုပ်ကြံရန် စီစဉ်လျက်ရှိသော အစ္စလာမ္မစ် စစ်သွေးကြွ အုပ်စုတစ်စုကို ရဲတပ်ဖွဲ့က ဖမ်းဆီးထိန်းသိမ်းနိုင်ခဲ့ကြောင်း ထိပ်တန်းရဲအရာရှိတစ်ဦးက ကြာသပတေးနေ့တွင် ပြောကြားသည်။

ဝန်ကြီးချုပ် ယူဆွတ်ရာဇာဂီလာနီကို လုပ်ကြံရန် လျှို့ဝှက်ပူးပေါင်းကြံစည်မှုသည် လုံးဝနီးပါး အဆုံးသတ်သွားပြီဖြစ်ကြောင်း ဒေသဆိုင်ရာ ရဲအရာရှိအကြီးအကဲ အဆစ်ကာဒရီက ပြောသည်။

ဂီလာနီကို သူ၏ မွေးရပ်ဇာတိ မူလ်တန်သို့ ခရီးသွားသည့်အခါ စစ်သွေးကြွများက လုပ်ကြံတိုက်ခိုက်ရန် စီစဉ်ခဲ့ကြသည်ဟု ကာဒရီက ပြောသည်။ ထို့ထက်ပို၍ အသေးစိတ်ပြောကြားခြင်း မပြုပေ။

အမေရိကန် ပြည်ထောင်စု၏ မဟာမိတ် ပါကစ္စတန်အစိုးရ တည်ငြိမ်မှု မရှိစေရန် စစ်သွေးကြွများက အစိုးရအရာရှိများ၊ လုံခြုံရေးအရာရှိများ၊ နိုင်ငံရေး ခေါင်းဆောင်များကို မကြာခဏ တိုက်ခိုက်လေ့ရှိသည်။ အခြားသော ခေါင်းဆောင်များကဲ့သို့ပင် ပါကစ္စတန်ဝန်ကြီးချုပ်သည်လည်း ၎င်း၏ခရီးစဉ်ကို လူသိရှင်ကြား ထုတ်ပြန်ကြေညာခြင်း မပြုသည့်အပြင် လုံခြုံရေး အစီအစဉ်ဖြင့် သွားလေ့ ရှိသည်။

ပါကစ္စတန်နိုင်ငံ အလယ်ပိုင်းရွာတစ်ရွာအနီး တိုက်ပွဲဖြစ်ပွားပြီးနောက် ဗုဒ္ဓဟူးနေ့ နှောင်းပိုင်း၌ ဖမ်းဆီးရမိသော စစ်သွေးကြွခုနစ်ဦးကို ဖမ်းဆီးစစ်ဆေးရာမှ အဆိုပါ အကြံအစည်ကို အာဏာပိုင်များ သိရှိခဲ့ကြကြောင်း ကာဒရီက ပြောကြားသည်။ **အေပီ။**

အိန္ဒိယရွာသားများ တောဆင်ရိုင်းများကို အဆိပ်ခတ်သတ်ဖြတ်ဟုဆို

ဂူဝါဟာတီ အောက်တိုဘာ ၁၄ - အိန္ဒိယနိုင်ငံအရှေ့မြောက်ပိုင်း၌ ပြီးခဲ့သည့် သီတင်းပတ်က ဆင်လေးကောင်သေဆုံးခဲ့ရာ ယင်းဆင်ရိုင်းများကို အနီးဝန်းကျင်ရှိ ရွာများမှ ရွာသူရွာသားများက အဆိပ်ခတ်သတ်ဖြတ်ခဲ့ခြင်း ဖြစ်ဖွယ်ရှိကြောင်း သားရိုင်းတိရစ္ဆာန်ဆိုင်ရာ တာဝန်ရှိသူတစ်ဦးက ယနေ့ပြောကြားသည်။

အဆိုပါ အဖြစ်အပျက်သည် အာသံပြည်နယ်၌ ဖြစ်ပွားခဲ့ခြင်းဖြစ်ပြီး ပြည်နယ် တာဝန်ရှိသူတစ်ဦး၏ အဆိုအရ ဆင်ရိုင်းများသည် အဆိပ်သင့် စေတတ်သည့် ဓာတုပစ္စည်းများပါဝင်သော ချက်အရက်များကြောင့် သေဆုံးခဲ့ခြင်းဖြစ်ကြောင်းသိရသည်။

အိန္ဒိယနိုင်ငံတွင် လယ်သမားများသည် လယ်မြေများကို တိုးချဲ့လုပ်ကိုင်လျက်ရှိရာ ယင်းဒေသများတွင် ယခင်ကပင် ကျက်စားနေထိုင်သော တောဆင်ရိုင်းများနှင့် လူတို့အကြား နယ်နိမိတ်ပဋိပက္ခသည် ပိုမိုဆိုးရွားလာသည်ဟု ဆိုသည်။

၂၀၀၉ခုနှစ်ကလည်း စပါးခင်းများနှင့် ကျေးရွာများကို ဝင်ရောက်ဖျက်ဆီး၍ ရွာသားနှစ်ဦးကို သတ်ဖြတ်ခဲ့သော တောဆင်ရိုင်းများကို ဒေသခံများက အဆိပ်ခတ်သတ်ဖြတ်ခဲ့ရာ ဆင်ရိုင်းလေးကောင် သေဆုံးခဲ့ဖူးသည်။

သစ်တောဧရိယာ ကျုံ့ဝင်လာခြင်းနှင့် လူများက ဆင်များ လွတ်လပ်စွာ ကျက်စားရာ နယ်မြေများအတွင်း ချဲ့ထွင်ဝင်ရောက်လာမှုကြောင့် တောဆင်ရိုင်းများသည် လူများအခြေစိုက်ရာဒေသများထိတိုင် ရောက်ရှိလာတတ်ကြောင်း ကျွမ်းကျင်သူတို့က ဆိုသည်။ **အေအက်ဖ်ပီ။**

ဒုံးကျည်ကာကွယ်ရေးစနစ် တည်ဆောက်ရန် အဖွဲ့ဝင်နိုင်ငံများကို နေတိုးအကြီးအကဲတိုက်တွန်း

ဘရပ်ဆဲလ် အောက်တိုဘာ ၁၄ - ဥရောပတိုက်နှင့် မြောက်အမေရိကတိုက်ကို လွှမ်းခြုံကာကွယ်ပေးနိုင်မည့် ဒုံးကျည်ကာကွယ်ရေးစနစ် အဆိုပြုချက်တွင် အားလုံးပါဝင်လက်မှတ်ရေးထိုးကြရန် မြောက်အတ္တလန္တိတ်စစ်စာချုပ်အဖွဲ့(နေတိုး)၏ အတွင်းရေးမှူးချုပ် အန်ဒါဖော့ဂ်ရက်စ်မြူဆန်က ယနေ့တိုက်တွန်းလိုက်သည်။

ပေါ်တူဂီနိုင်ငံ၌ လာမည့်လတွင် ကျင်းပမည့် နေတိုးအဖွဲ့ဝင်နိုင်ငံများမှအကြီးအကဲများ ထိပ်သီးအစည်းအဝေးတွင် နေတိုးအဖွဲ့၏ စီမံကိန်းသစ်ဆိုင်ရာ ကြေညာချက်ကို ထုတ်ဖော်တင်ပြနိုင်ဖွယ်ရှိကြောင်း ဖော့ဂ်ရက်စ်မြူဆန်က ပြောကြားသည်။

ဥရောပနှင့် မြောက်အမေရိကတိုက်ရှိ နေတိုးအဖွဲ့ဝင်နိုင်ငံများကို ဒုံးကျည်အန္တရာယ်မှ ကာကွယ်နိုင်ရန် လက်ရှိ ဖြန့်ကြက်ထားသော စစ်မြေပြင်ဒုံးကျည်ကာကွယ်ရေးစနစ်ကို ပိုမိုတိုးချဲ့ရန် နေတိုးအဖွဲ့က အဆိုပြုထားသည်။

နေတိုးအဖွဲ့က သုံးစွဲသော စစ်မြေပြင် ဒုံးကျည်ကာကွယ်ရေး စနစ်။

ကနေဒါနိုင်ငံ ဗင်ကူးဗားမှသည် ရုရှားနိုင်ငံ ဗလာဒီဗော့စတော့ ဆိပ်ကမ်းမြို့များအထိ လွှမ်းခြုံထားနိုင်မည့် ဒုံးကျည်ကာကွယ်ရေးစနစ် တည်ဆောက်ရာတွင် ပါဝင်လာရန် ရုရှားနိုင်ငံကိုလည်း နေတိုး အတွင်းရေးမှူးချုပ်က အဆိုပြု ကမ်းလှမ်းထားသည်။

နေတိုးအဖွဲ့၏ ဒုံးကျည်ကာကွယ်ရေး စနစ်သစ်တည်ဆောက်ရေး အဆိုပြုချက်ကို အမေရိကန်အစိုးရက ထောက်ခံခဲ့သော်လည်း အခြားနေတိုးအဖွဲ့ဝင်နိုင်ငံ အချို့ကမူ ယင်းအစီအစဉ်သည် ကုန်ကျစရိတ်ကြီးမြင့်လွန်းပြီး လက်တွေ့တွင်လည်း နေတိုး၏ နျူကလီးယားအန္တရာယ် ကာကွယ်ရေးစည်းရိုးကို ပိုမိုခိုင်မာလာစေဖွယ်မရှိကြောင်း ဝေဖန်လျက်ရှိသည်။ **အေပီ။**

မြိတ်ကျွန်းစုဒေသကြီး ထိန်းသိမ်းစောင့်ရှောက်ရေး အလုပ်ရုံဆွေးနွေးပွဲကျင်းပ

ရန်ကုန် အောက်တိုဘာ ၁၄

မွေးမြူရေးနှင့် ရေလုပ်ငန်းဝန်ကြီးဌာန ငါးလုပ်ငန်းဦးစီးဌာနနှင့် ဘင်္ဂလားပင်လယ် ဂေဟစနစ်ကြီးစီမံကိန်း (BOBLME-Bay of Bengal Large Marine Eco-System) တို့ ပူးပေါင်းကျင်းပသော မြိတ်ကျွန်းစုဒေသကြီး ထိန်းသိမ်းစောင့်ရှောက်ရေး အလုပ်ရုံဆွေးနွေးပွဲ (Myeik Archipelago Management and Sustainable Use National Workshop) ကို အောက်တိုဘာ ၁၁ ရက်က ရန်ကုန်မြို့ အလံပြဘုရားလမ်းရှိ Park Royal Hotel ၌ ကျင်းပရာ ငါးလုပ်ငန်းဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးခင်ကိုလေး တက်ရောက်၍ အဖွင့်အမှာစကား ပြောကြားသည်။ **(အပေါ်ပုံ)**

တက်ရောက်ဆွေးနွေး

အဆိုပါ အလုပ်ရုံဆွေးနွေးပွဲသို့ BOBLME Project မှ Regional Co-ordinator များ၊ ထိုင်းနိုင်ငံ CORIN-ASIA အဖွဲ့မှ ပညာရှင်များ၊ ဗြိတိန်နိုင်ငံ Poseidon Aquatic Management အဖွဲ့မှ ပညာရှင်များ၊ မြန်မာနိုင်ငံ ပတ်ဝန်းကျင်ထိန်းသိမ်းရေး အမျိုးသားကော်မရှင် NCEA မှ အဖွဲ့ဝင်များ၊ ဝန်ကြီးဌာနများမှ တာဝန်ရှိသူများနှင့် တက္ကသိုလ်၊ ကောလိပ်များမှ ဆရာ၊ ဆရာမများ၊ ငါးလုပ်ငန်းဦးစီးဌာနနှင့် မြန်မာနိုင်ငံ ငါးလုပ်ငန်းအဖွဲ့ချုပ်တို့မှ ပညာရှင်များ တက်ရောက်ဆွေးနွေးကြပြီး အလုပ်ရုံဆွေးနွေးပွဲကို အောက်တိုဘာ ၁၂ ရက်အထိ ကျင်းပခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

အောက်တိုဘာ ၄ရက်က ရန်ကုန်မြို့ ပုဇွန်တောင်မြို့နယ် ရေကျော်လမ်းမကြီးနေ ဒေါက်တာတင်ထွန်းဦး-ဒေါက်တာခင်မိုးမိုး(သုတစွယ်စုံစာအုပ်တိုက်)က ရေကျော်လမ်းမကြီးရှိ အမှတ်(၉) အခြေခံပညာမူလတန်းကျောင်း (ပုဇွန်တောင်မြို့နယ်)သို့ ရေတိုင်ကီနှင့် ပရိဘောဂများအတွက် လှူဒါန်းငွေကျပ်ငါးသိန်းကို ကျောင်းအုပ်ဆရာမကြီး ဒေါ်ဝင်းဝင်းငွေးထံ ပေးအပ်လှူဒါန်းစဉ်။ (ကြေးမုံ)

မိုးညအိပ်မက်မြူ ဆက်လက်ပြသ

ရုပ်ရှင်

ရန်ကုန် အောက်တိုဘာ ၁၄

အောက်တိုဘာ ၁၅ ရက်(သောကြာနေ့)တွင် ရန်ကုန်မြို့လယ်ရုံများဖြစ်သည့် သမ္မတ၊ သွင်နှင့် မော်တင်ဂျန်းရှင်းရုံတို့တွင်သာ မြန်မာဇာတ်ကားသစ်များ ပြသမည်ဖြစ်ရာ သမ္မတရုံတွင် တစ်ခေတ်တစ်ချိန်က နာမည်ကြီးခဲ့သော ကွယ်လွန်သူ စာရေးဆရာကြီး တက္ကသိုလ် ဘုန်းနိုင်၏ ဝတ္ထုကို ဒါရိုက်တာကြည်မြူသျှင်က ရုပ်ရှင်အဖြစ် အသက်သွင်းခဲ့သည့် **မိုးညအိပ်မက်မြူ** ဇာတ်ကား ဆက်လက်ပြသမည်ဖြစ်သည်။ ဤဇာတ်ကားတွင် နေတိုး၊ ဧည့်သည်သရုပ်ဆောင် ရဲအောင်၊အောင်ရဲလင်း၊ မိုးဟေကို၊ သင်ဇာဝင့်ကျော်၊ စိုးပြည့်သဇင်နှင့် ခင်သီတာထွန်းတို့ ခေါင်းဆောင်ပါဝင်ကြသည်။ သွင်ရုံတွင် ဒါရိုက်တာညီညီထွန်းလွင်၏ **ဂွတ်ရှယ်သမက်**ဇာတ်ကား ရုံတင်ပြသမည်ဖြစ်ရာ ဤဇာတ်ကားတွင် ရန်အောင်၊ရဲအောင်၊နေတိုး၊ ကျော်ကျော်ဗို၊ မေသဥ္ဇာဦး၊ စိုးမိုးကြည်၊ မိုးဟေကိုနှင့် ဧည့်သည်သရုပ်ဆောင် စိုးပြည့်သဇင်တို့ ခေါင်းဆောင်ပါဝင်ကြသည်။

အောက်တိုဘာ တတိယပတ်တွင် ရန်အောင်၊ နေတိုး၊ ထွန်းအိန္ဒြာဗိုနှင့် သက်မွန်မြင့်တို့ ခေါင်းဆောင်ပါဝင်သည့် **ဘာမီတွန်**ဇာတ်ကား ရုံတင်ပြသမည်ဖြစ်သည်။

နိုင်ငံခြားရုပ်ရှင်

နေပြည်တော်ရုံတွင် တိုက်ခိုက်ရေးနှင့် ကိုယ်ခံပညာ၊လက်နက်ကျွမ်းကျင်သူ ကြေးစားစစ်သားဟောင်းများနှင့် ဖွဲ့စည်းထားသည့် အဖွဲ့တစ်ဖွဲ့၏ ပင်လယ်ဓားပြများလက်တွင် ဖမ်းဆီးခံနေရသော ဓားစာခံများအား ကယ်တင်ပုံကို ဇာတ်လမ်း

မိုးညအိပ်မက်မြူ ဇာတ်ကားသစ်မှ ဇာတ်ဝင်ခန်း တစ်ခန်းကို တွေ့ရစဉ်။

ဆင် ရိုက်ကူးထားသည့် THE EXPENDABLES စွန့်စားမှု အသားပေး ဇာတ်ကားပြသမည်ဖြစ်ရာ ဤဇာတ်ကားတွင် နာမည်ကြီး အက်ရှင်သရုပ်ဆောင် ဆီလ်ဗက်စတာစတားလုံး ခေါင်းဆောင်ပါဝင်သည်။

ရွှေ့ဆောင်ရုံတွင် စီအိုင်အေ သူလျှိုအဖွဲ့၏ ဇာတ်လမ်းများကို ရိုက်ကူးထားသည့် KNIGHT AND DAY ဇာတ်ကားပြသမည်ဖြစ်ပြီး ဤဇာတ်ကားတွင် ဟောလီးဝုဒ် နာမည်ကြီးသရုပ်ဆောင် တွမ်ခရုခ် ပါဝင်သည်။

အိန္ဒိယရုပ်ရှင်

မင်္ဂလာရုံတွင် စံပြရဲအရာရှိတစ်ဦး၏ တာဝန်ကို ကျေပွန်စွာထမ်းဆောင်ပြီး ဥပဒေဘက်မှ ရပ်တည်ပုံကို ရိုက်ကူးထားသည့် SINGAM အိန္ဒိယ ဇာတ်ကားသစ် ရုံတင်ပြသမည်ဖြစ်ပြီး မြို့မရုံတွင် KAMBAK KHT ISHQ ဇာတ်ကားများ ပြသမည်ဖြစ်သည်။

တိုင်းမှူး ဗိုလ်မှူးချုပ်ရဲအောင် မန္တလေးမြို့တွင်း ရေဝင်ရောက်ခဲ့သည့်နေရာများ ကြည့်ရှုစစ်ဆေး

နေပြည်တော် အောက်တိုဘာ ၁၄

မန္တလေးတိုင်းဒေသကြီး အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်ရဲအောင်သည် အောက်တိုဘာ ၁၃ ရက် နံနက်ပိုင်းတွင် မန္တလေး-မိုးကုတ်ကားလမ်းပေါ်၌ ရေဖြတ်ကျော်စီးဆင်းနေမှုအခြေအနေ၊ တံတားပြုပြင်နေမှု အခြေအနေများနှင့် မန္တလေးမြို့အတွင်း ရေဝင်ရောက်ခဲ့သည့်နေရာများကို ကြည့်ရှုစစ်ဆေးသည်။

ရှေးဦးစွာ မတ္တရာမြို့နယ်ရှိ မန္တလေး-မိုးကုတ်ကားလမ်း တံငါတောင်ရွာ မိုင်တိုင်အမှတ် (၂၅/၂)၌ ကားလမ်းပေါ် ရေဖြတ်ကျော်စီးဆင်းနေမှုနေရာသို့ ရောက်ရှိပြီး လမ်းပြုပြင်ဆောင်ရွက်နေမှု အခြေအနေများကိုလည်းကောင်း၊ စဉ့်ကူးမြို့နယ် တရော်ပင်ကျေးရွာ မန္တလေး-မိုးကုတ်ကားလမ်း မိုင်တိုင်အမှတ် (၃၈/၆)၌ ကားလမ်းရေဖြတ်ကျော်နေရာ၌ တပ်မတော်သားများနှင့် ကျေးရွာပြည်သူများ လမ်းပြုပြင်ဆောင်ရွက်နေမှုကိုလည်းကောင်း ကြည့်ရှုအားပေးသည်။

ထို့နောက် လက်ပန်လှကျေးရွာ မန္တလေး-မိုးကုတ်ကားလမ်း မိုင်တိုင်အမှတ် (၄၇/ ၆)ရှိ တံတားအမှတ် (၁/၄၈)နေရာသို့ ရောက်ရှိပြီး တပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များနှင့် ကျေးရွာပြည်သူများပူးပေါင်း၍ တံတားတည်ဆောက်ရေးလုပ်ငန်း ဆောင်ရွက်နေမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများအား လိုအပ်သည်များ မှာကြားသည်။

ထိုမှတစ်ဆင့် ပုသိမ်ကြီးမြို့နယ် မန္တလေး-ပြင်ဦးလွင်ကားလမ်းဘေး ထုံးဘိုကျေးရွာသို့ ရောက်ရှိပြီး တပ်မတော်သားများ၊ ဌာနဆိုင်ရာများနှင့် လူမှုရေးအသင်းအဖွဲ့များက လမ်းဘေးဝဲ၊ ယာသန့်ရှင်းရေး ဆောင်ရွက်နေမှုအခြေအနေများကို ကြည့်ရှုအားပေးသည်။

ဆက်လက်၍ တိုင်းမှူးသည် ကျန်းမာရေးဝန်ထမ်းများ၏ ကျန်းမာရေးစောင့်ရှောက်နေမှုများ၊ သောက်သုံးရေများကို ရေသန့်စင်ဆေးခတ်ပေးခြင်း၊ ခြင်ဆေးဖျန်းပေးခြင်းများ ပြုလုပ်ဆောင်ရွက်နေမှု၊ ခေတ္တဆေးပေးခန်းများ ဖွင့်လှစ်၍ ရေဝပ်ခဲ့သည့် မိသားစုဝင်များအား ဆေးကုသပေးမှုအခြေအနေများကို လည်းကောင်း၊ ပြည်ကြီးတံခွန်မြို့နယ်အတွင်း ရေဝပ်ခဲ့သည့် နေရာများတွင် တပ်မတော်သားများ၊ ဌာနဆိုင်ရာများနှင့် လူမှုရေးအသင်းအဖွဲ့များ၏ လမ်းဘေးဝဲ၊ ယာသန့်ရှင်းရေးပြုလုပ်ခြင်းနှင့် ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်း ဆောင်ရွက်ပေးနေမှုတို့ကို လည်းကောင်း ကြည့်ရှုစစ်ဆေးသည်။ **(ယာပုံ)**

ထို့နောက် ချမ်းမြသာစည်မြို့နယ် ဒေသန္တရဆေးခန်းသို့ ရောက်ရှိပြီး ဆေးခန်း တက်ရောက်ကုသမှုခံယူနေကြသော လူနာများအား ကြည့်ရှုအားပေးခဲ့ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

လူကုန်ကူးမှု တားဆီးကာကွယ်ရေးဗဟိုအဖွဲ့ အလုပ်ရုံဆွေးနွေးပွဲ ဖွင့်ပွဲနှင့် အလုပ်ရုံဆွေးနွေးပွဲကျင်းပ

နေပြည်တော် အောက်တိုဘာ ၁၄

လူကုန်ကူးမှု တားဆီးကာကွယ်ရေးဗဟိုအဖွဲ့ လူကုန်ကူးခံရသူများ ပြန်လည်လက်ခံရေး၊ ပြန်လည်ဝင်ဆံ့ပေါင်းစည်းရေး၊ ပြန်လည်ထူထောင်ရေးလုပ်ငန်းအဖွဲ့၏ လုပ်ငန်းဆောင်ရွက်သူများ အလုပ်ရုံဆွေးနွေးပွဲဖွင့်ပွဲနှင့် အလုပ်ရုံဆွေးနွေးပွဲကို ယနေ့နံနက် ၉ နာရီတွင် နေပြည်တော်ဟိုတယ်ဇုန်ရှိ သင်္ဂဟဟိုတယ်၌ ကျင်းပသည်။

အဆိုပါ အလုပ်ရုံဆွေးနွေးပွဲ ဖွင့်ပွဲအခမ်းအနားသို့ လူကုန်ကူးခြင်းခံရသူများ ပြန်လည်လက်ခံရေး၊ ပြန်လည်ဝင်ဆံ့ပေါင်းစည်းရေး၊ ပြန်လည်ထူထောင်ရေးလုပ်ငန်းအဖွဲ့ဥက္ကဋ္ဌ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးကျော်မြင့်၊ လူကုန်ကူးမှုတားဆီးကာကွယ်ရေး ဗဟိုအဖွဲ့မှ တာဝန်ရှိသူများ၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနအောက်ရှိ ဦးစီးဌာနများမှ ညွှန်ကြားရေးမှူးချုပ်များနှင့် တာဝန်ရှိသူများ၊ လူကုန်ကူးမှုတားဆီးကာကွယ်ရေး အထူးအဖွဲ့၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာန၊ မြန်မာနိုင်ငံအမျိုးသမီးရေးရာ အဖွဲ့ချုပ်၊ UNICEF၊ World Vision၊ Save the Children နှင့် UNIAP တို့မှ ကိုယ်စားလှယ်များ၊ International Organization of Migration (IOM) မှ ဌာနေတာဝန်ခံ Ms. Mariko Tomiyama နှင့် လူကုန်ကူးခံရသူများ လက်ခံရေး၊ ပြန်လည်ဝင်ဆံ့ပေါင်းစည်းရေး၊ ပြန်လည်ထူထောင်ရေးလုပ်ငန်းကို လက်တွေ့ဆောင်ရွက်နေကြသူများ တက်ရောက်ကြသည်။

လူကုန်ကူးမှု တားဆီးကာကွယ်ရေးဗဟိုအဖွဲ့ လူကုန်ကူးခံရသူများ ပြန်လည်လက်ခံရေး၊ ပြန်လည်ဝင်ဆံ့ ပေါင်းစည်းရေး၊ ပြန်လည်ထူထောင်ရေးလုပ်ငန်းအဖွဲ့၏ လုပ်ငန်းဆောင်ရွက်သူများ အလုပ်ရုံဆွေးနွေးပွဲဖွင့်ပွဲနှင့် အလုပ်ရုံဆွေးနွေးပွဲတွင် အဖွဲ့ဥက္ကဋ္ဌ ဒုတိယဝန်ကြီး ဦးကျော်မြင့် အမှာစကားပြောကြားစဉ်။ (သတင်းစဉ်)

ရှေးဦးစွာ လူကုန်ကူးခြင်းခံရသူများ ပြန်လည်လက်ခံရေး၊ ပြန်လည်ဝင်ဆံ့ပေါင်းစည်းရေး၊ ပြန်လည်ထူထောင်ရေးလုပ်ငန်းအဖွဲ့ ဥက္ကဋ္ဌ ဒုတိယဝန်ကြီး ဦးကျော်မြင့်က အဖွင့်အမှာစကား ပြောကြားသည်။

ထို့နောက် International Organization of Migration (IOM) မှ ဌာနေတာဝန်ခံ Ms. Mariko Tomiyama က နှုတ်ခွန်းဆက်စကား ပြောကြားသည်။

ယင်းနောက် ဒုတိယဝန်ကြီး ဦးကျော်မြင့်နှင့်အတူ တက်ရောက်လာကြသူများသည် ဖွင့်ပွဲအခမ်းအနား အထိမ်းအမှတ်အဖြစ် မှတ်တမ်းတင်ဓာတ်ပုံရိုက်ကြပြီး ဖွင့်ပွဲအခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

အလုပ်ရုံဆွေးနွေးပွဲကို နံနက် ၁၀ နာရီတွင် ကျင်းပရာ လူမှုဝန်ထမ်းဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးစိုးကြည်နှင့် တာဝန်ရှိသူများ၊ လူကုန်ကူးခံရသူများ လက်ခံရေး၊ ပြန်လည်ဝင်ဆံ့ပေါင်းစည်းရေး၊ ပြန်လည်ထူထောင်ရေးလုပ်ငန်းကို လက်တွေ့ဆောင်ရွက်နေကြသူများ တက်ရောက်ကြပြီး သက်ဆိုင်ရာအလိုက် လုပ်ငန်းဆောင်ရွက်နေမှုများနှင့် စပ်လျဉ်း၍ အကြံပြုတင်ပြဆွေးနွေးကြသည်။

ယင်းအလုပ်ရုံဆွေးနွေးပွဲကို အောက်တိုဘာ ၁၆ ရက်အထိ ကျင်းပသွားမည်ဖြစ်ကြောင်း သိရှိရသည်။

(သတင်းစဉ်)

တပ်ကုန်းမြို့မဈေး မီးသုံးစွဲမှု ကြည့်ရှုစစ်ဆေး

နေပြည်တော် အောက်တိုဘာ ၁၄

နေပြည်တော်ခရိုင် တပ်ကုန်းမြို့နယ် မြို့မဈေး မီးဘေးလုံခြုံရေးအတွက် နေပြည်တော် စည်ပင်သာယာရေးကော်မတီ တပ်ကုန်းမြို့နယ် အုပ်ချုပ်ရေးမှူး ဦးအောင်ခန့်သည် မြို့နယ်မီးသတ် ဦးစီးဌာနမှူး ဦးကျော်ကျော်နှင့် ဈေးတာဝန်ရှိသူများနှင့်အတူ အောက်တိုဘာ ၁၂ ရက် မွန်းလွဲ ၂ နာရီတွင် တပ်ကုန်းမြို့မဈေးအတွင်း မီးသုံးစွဲသည့် ဆိုင်ခန်းများသို့ လှည့်လည်၍ ထုတ်ပြန်ထားသော စည်းကမ်းချက်များ နှင့်အညီ စနစ်တကျ မီးသုံးစွဲမှု ရှိ မရှိ ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သတင်းရရှိသည်။ **(အောက်ပုံ)** (သတင်းစဉ်)

မြန်မာ့ရုပ်မြင်သံကြား အစီအစဉ်

၁၅-၁၀-၂၀၁၀ (သောကြာနေ့)

[၁၃၇၂ ခုနှစ်၊ သီတင်းကျွတ်လဆန်း (၇)ရက်၊ အဖိတ်နေ့]

နံနက်ပိုင်း

- ၇း၀၀ ၁။ တောင်တန်းသာသနာပြု ဆရာတော်ကြီး၏ ပရိတ်တရားတော်
- ၇း၂၅ ၂။ ကျန်းမာဖို့အတူကစားစို့
- ၇း၃၀ ၃။ နံနက်ခင်းသတင်း
- ၇း၄၀ ၄။ မြတ်ဂုဏ်တော်သခင် (သန်းမြတ်စိုး၊ တေးရေး-မောင်မောင်လတ်)
- ၇း၄၅ ၅။ တန်ခိုးတော်ထင်ရှား ကျိုက္ခမီဆုတောင်းပြည့် ရေလယ်ဘုရား
- ၈း၀၀ ၆။ သံသာချိုအေးမင်္ဂလာတေး
- ၈း၁၀ ၇။ အတီးပြိုင်ပွဲ
- ၈း၂၅ ၈။ ကြေးမုံရိပ်သွင်တေးနုယဉ်
- ၈း၄၀ ၉။ International News
- ၈း၄၅ ၁၀။ တေးဂီတအစီအစဉ်
- ၉း၀၀ ၁၁။ အစီအစဉ်ပြီး၏။

ညပိုင်း

- ၄း၀၀ ၁။ စစ်ချီတေး၊ စစ်သည်တေး
- ၄း၁၀ ၂။ ပြည်ထောင်စုတိုင်းရင်းသားရိုးရာ တေးသံသာ
- ၄း၁၅ ၃။ ရန်ကုန်တိုင်းဒေသကြီး အမှတ်(၃) အခြေခံပညာဦးစီးဌာန ဆဋ္ဌမ အကြိမ်မြောက်ကြာဝတ်ရွတ်ပူဇော်ပွဲ (ပထမဆု)(အထက-၁၊ သန်လျင်) (အမျိုးသားဝတ်ရွတ်အဖွဲ့)
- ၄း၄၅ ၄။ အဝေးသင်တက္ကသိုလ်ပညာရေး ရုပ်မြင်သံကြားသင်ခန်းစာ -ပထမနှစ်(သမိုင်း၊ ပထဝီဝင်၊ စိတ်ပညာ၊ အင်္ဂလိပ်စာ၊ ဥပဒေပညာ၊ အရှေ့တိုင်းပညာ၊ ဒဿနိကဗေဒ အထူးပြုများ)(ဒဿနိကဗေဒ)
- ၅း၀၀ ၅။ မျိုးချစ်စိတ်ဓာတ်ရှင်သန် ထက်မြက်ရေးတေးများ
- ၅း၁၀ ၆။ မြန်မာစာ၊ မြန်မာစကား
- ၅း၂၀ ၇။ နှောင်းခေတ်တေးပဒေသာ
- ၅း၃၀ ၈။ "ရိုးသားဖြူစင်ကလေးတို့အသွင်"
- ၆း၀၀ ၉။ ညနေခင်းသတင်း
- ၆း၁၅ ၁၀။ မိုးလေဝသအခြေအနေ
- ၆း၂၀ ၁၁။ ရသစုံလင် အင်တာနက်ဥယျာဉ်
- ၇း၀၀ ၁၂။ **နိုင်ငံခြားဇာတ်လမ်းတွဲ "ကာရန်မဲ့. . . ရင်ခုန်သံ" (အပိုင်း-၄)**
- ၈း၀၀ ၁၃။ ပြည်တွင်းသတင်း
- ၁၄။ နိုင်ငံရေးပါတီများ၏ ဟောပြောချက်အစီအစဉ် (ဒုတိယအကြိမ်)
- ၁၅။ နိုင်ငံတကာသတင်းများ
- ၁၆။ မိုးလေဝသအခြေအနေ
- ၁၇။ "ဘယ်လိုမဲပေးကြမှာလဲ" (မြန်မာနိုင်ငံ ရုပ်ရှင်အစည်းအရုံးဝင်များ)
- ၁၈။ **"အရုဏ်ဦးမှာဖူးသည့်ကြာ" (ဒုတိယပိုင်း) (ရုပ်ရှင်အနုပညာရှင်များ) (ဒါရိုက်တာ-စာရေးဆရာ တင်သန်းဦး)**
- ၁၉။ အစီအစဉ်ပြီး၏။

စဉ့်ကိုင် အလက ရေသန့်ရေအေးစက် လွှဲပြောင်းပေးအပ်ပွဲကျင်းပ

စဉ့်ကိုင် အောက်တိုဘာ ၁၄

ကျောက်ဆည်ခရိုင် စဉ့်ကိုင်မြို့နယ် ဆည်ရွာ အခြေခံပညာအလယ်တန်းကျောင်း ကျောင်းသား၊ ကျောင်းသူများ အသုံးပြုရန်အတွက် လှူဒါန်းထားသော ရေသန့်ရေအေးစက်ဖွင့်ပွဲနှင့် ပညာရေးဌာနသို့ လွှဲပြောင်းပေးအပ်ပွဲကို စက်တင်ဘာ ၂၈ ရက် နံနက်က ကျင်းပရာ မြို့နယ်ဥက္ကဋ္ဌ ဦးခင်ဇော်၊ ကျောင်းအုပ်ဆရာမကြီးနှင့် အလှူရှင်များက သောက်ရေသန့် ရေအေးစက်ကို ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြသည်။ (၄၆၉)

တာချီလိတ်နှင့် လားရှိုးတို့၌ စိတ်ကြွရူးသွပ်ဆေးပြားများ ဖမ်းဆီးရမိ

နေပြည်တော် အောက်တိုဘာ ၁၄

တာချီလိတ်မြို့နယ် မူးယစ်ဆေးဝါး တားဆီးကာကွယ်ရေး အထူးအဖွဲ့သည် အောက်တိုဘာ ၇ရက်တွင် တာချီလိတ်မြို့ တာလေ့ရပ်ကွက်ရှိ ဟိုတယ်တစ်ခု၌ တည်းခိုနေသည့် အိုက်ယွန်း၊ စိုင်းကုန်းနှင့် သန်းမောင်တို့ သုံးဦးအား WY စာတန်းပါ လိမ္မော်ရောင် စိတ်ကြွရူးသွပ်ဆေးပြား ၁၀၀၀၀နှင့်အတူ ဖမ်းဆီးရမိခဲ့ကြောင်း သိရှိရသည်။

အလားတူ လားရှိုးမြို့နယ် မူးယစ်ဆေးဝါး တားဆီးကာကွယ်ရေး အထူးအဖွဲ့သည် အောက်တိုဘာ ၉ ရက်တွင် လားရှိုးမြို့ ရပ်ကွက်(၈) နယ်မြေ(၈)သီတာ လွင်လမ်းမပေါ်၌ လိုင်စင်မဲ့ဆိုင်ကယ် တစ်စီးဖြင့် စီးနင်းလိုက်ပါလာသည့် ဦးလဖောက်ဇော်ဂျီး၊ ဦးဘောမ်ခေါ်နှင့် ဦးဂျုံးလွမ်တို့ သုံးဦးအား WY စာတန်းပါ ပန်းရောင် စိတ်ကြွရူးသွပ်ဆေးပြား ၄၀၀၀၀ နှင့်အတူ ဖမ်းဆီးရမိခဲ့ကြောင်း၊ ကွင်းဆက်တရားခံများ ဖမ်းဆီးရမိရေးအတွက် ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

အရာတော်မြို့နယ် ရေဝင်ရောက်သည့် အိမ်ထောင်စုများကို အားပေးထောက်ပံ့သည့်အခမ်းအနား တိုင်းမှူး ဗိုလ်မှူးချုပ်စိုးလွင် တက်ရောက်

စစ်ကိုင်းတိုင်းဒေသကြီး အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အနောက်မြောက်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်စိုးလွင် အရာတော်မြို့နယ် မူးမြစ်ရေဝင်ရောက်သည့် အိမ်ထောင်စုများအား ထောက်ပံ့ပစ္စည်းများ ပေးအပ်စဉ်။

(သတင်းစဉ်)

နေပြည်တော် အောက်တိုဘာ ၁၄

စစ်ကိုင်းတိုင်းဒေသကြီး အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အနောက်မြောက်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်စိုးလွင်သည် အောက်တိုဘာ ၁၃ ရက်တွင် အရာတော်မြို့နယ်အတွင်း မူးမြစ်ရေဝင်ရောက်နေမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး အရာတော်မြို့နယ် ဇရစ်ကျေးရွာ အခြေခံပညာမူလတန်းကျောင်းခန်းမဆောင်၌ ကျင်းပသည့် မူးမြစ်ရေဝင်ရောက်သော အိမ်ထောင်စုများအား အားပေးထောက်ပံ့သည့် အခမ်းအနားသို့ တက်ရောက်သည်။

အဆိုပါ အခမ်းအနားသို့ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ လူမှုရေးအသင်းအဖွဲ့များနှင့် ရေဝင်ရောက်သည့် အိမ်ထောင်စုဝင်များ တက်ရောက်ကြသည်။

အစီအစဉ်အရ တာဝန်ရှိသူတစ်ဦးက မြို့နယ်အတွင်း မူးမြစ်ရေဝင်ရောက်မှု အခြေအနေများကို ရှင်းလင်းတင်ပြသည်။

ထို့နောက် တိုင်းမှူးက ရေဝင်ရောက်သည့် အိမ်ထောင်စုဝင်များအား အားပေးစကားပြောကြားပြီး မူးမြစ်ရေဝင်ရောက်သည့် အိမ်ထောင်စုဝင်များအတွက် စားသောက်ဖွယ်ရာများ၊ အသုံးအဆောင်ပစ္စည်းများနှင့် ဆေးဝါးများကို ပေးအပ်ထောက်ပံ့ကာ အိမ်ထောင်စုဝင်များအား ရင်းရင်းနှီးနှီးနှုတ်ဆက်သည်။

ဆက်လက်၍ အရာတော်မြို့ နယ်မြေခံတပ်ရင်းသို့ရောက်ရှိပြီး စစ်သည် အိပ်ဆောင်၊ စားရိပ်သာနှင့် တပ်တွင်း သက်သာဆိုင်တို့ကိုလည်းကောင်း၊ တပ်ပိုင်မိုးစပါးစိုက်ခင်း၊ ငွေချည်(၆)ချည်မျှင်ရှည်ဝါ စိုက်ခင်းနှင့် စိန်တလုံးသရက်စိုက်ခင်းများကိုလည်းကောင်း ကြည့်ရှုစစ်ဆေးသည်။

ထိုမှတစ်ဆင့် မုံရွာမြို့ တိုင်းဒေသကြီး အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး မြသလ္လာအစည်းအဝေးခန်းမ၌ ကျင်းပသော ပြည်နယ်နှင့်တိုင်းဒေသကြီး စစ်တုရင်ပြိုင်ပွဲတွင် အောင်ပွဲရ စစ်ကိုင်းတိုင်းဒေသကြီး အမျိုးသားစစ်တုရင်အသင်းအား ကြိုဆိုဂုဏ်ပြုဆုချီးမြှင့်ခြင်း အခမ်းအနားသို့ တက်ရောက်သည်။

ရှေးဦးစွာ အောင်ပွဲရ စစ်ကိုင်းတိုင်းဒေသကြီး အမျိုးသားစစ်တုရင်အသင်းအား မြို့နေပြည်သူများ၊ လူမှုရေးအသင်းအဖွဲ့များနှင့် ဌာနဆိုင်ရာများက ကြိုဆိုနှုတ်ဆက်ကြသည်။

ယင်းနောက် ဂုဏ်ပြုဆုချီးမြှင့်ခြင်း အခမ်းအနားကို ကျင်းပရာ တိုင်းမှူးထံ အောင်ပွဲရ အမျိုးသားစစ်တုရင်အသင်း အုပ်ချုပ်သူက တံခွန်စိုက်ဒိုင်းနှင့် ဆင့်ပွားဒိုင်းများကို လွှဲပြောင်းအပ်နှံသည်။

ထို့နောက် တိုင်းမှူးက ဂုဏ်ပြုအမှာစကားပြောကြားပြီး ဆုများပေးအပ်၍ ဂုဏ်ပြုနေ့လယ်စာဖြင့် တည်ခင်းဧည့်ခံခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ခေါင်းဆောင်မှုနှင့် စီမံခန့်ခွဲမှုဆိုင်ရာ မွမ်းမံသင်တန်းများဖွင့်မည်

ရန်ကုန် အောက်တိုဘာ ၁၄

MAT Professional Training & Services Centre က Corporate Leadership & Management Development သင်တန်းကို အောက်တိုဘာ ၁၉ ရက်မှ နိုဝင်ဘာလကုန်အထိ MAT Training Center ၌ ကျင်းပမည်ဖြစ်သည်။

၎င်းသင်တန်းတွင် HR နှင့် Admin Department ၌ တာဝန်ထမ်းဆောင်နေသော Manager အပါအဝင် ဝန်ထမ်းများအားလုံးအတွက် လူ့စွမ်းအား အရင်းအမြစ် စီမံခန့်ခွဲမှု (Human Resource Management) သင်တန်း Internal Audit နှင့် Finance Department တွင်ရှိသော Manager များ၊ ဝန်ထမ်းများအားလုံးနှင့် Internal Audit ကို စိတ်ဝင်စားသူများအတွက် လုပ်ငန်းတွင် စစ်ဆေးခြင်းနှင့် စွန့်စားဆုံးရှုံးမှုများကို စီမံခန့်ခွဲမှုဆိုင်ရာ Internal Auditing and Risk Management သင်တန်း၊ Retail Store နှင့် ကုမ္ပဏီအသီးသီးရှိ Sales Supervisor များ Sales representative များနှင့် Senior Manager များအတွက် ရောင်းချမှုနှင့်စီမံခန့်ခွဲမှု (Selling & Sales Management) သင်တန်းများ၊ ဈေးကွက်ဖန်တီးမှုနယ်ပယ်အသီးသီးရှိဝန်ထမ်းများ၊ Senior Manager များနှင့် Marketing ကို စိတ်ဝင်စားသူများအတွက် ဈေးကွက်ဖော်ဆောင်ခြင်းပညာ (Marketing) သင်တန်းများ၊ Accounts နှင့် Finance Department ရှိ ဝန်ထမ်းများ၊ Senior Manager များနှင့် ဒါရိုက်တာများအတွက် ဘဏ္ဍာငွေစီမံခန့်ခွဲမှု (Financial Management) သင်တန်းများ၊ Account Department မဟုတ်သော ကျန် Department များအားလုံးမှ ဝန်ထမ်းများ၊ Manager များနှင့်ဒါရိုက်တာများအတွက် ဘဏ္ဍာရေးနယ်ပယ် မဟုတ်သော ဝန်ထမ်းများအတွက် စာရင်းကိုင်ပညာအခြေခံများ (Understanding Accounts for Non-Financial Manager) သင်တန်း စုစုပေါင်းသင်တန်း ခေါင်းစဉ်ခြောက်ခု သင်ကြားပေးမည်ဖြစ်ကြောင်း၊ ဘာသာရပ်တစ်ခုချင်းစီအတွက် ၇နာရီသင်ကြားမည်ဖြစ်ပြီး Corporate အလိုက်ဖြစ်စေ၊ သင်တန်းသားတစ်ဦးချင်းစီအလိုက်ဖြစ်စေ စာရင်းပေးသွင်း တက်ရောက်နိုင်ကြောင်း၊ သင်တန်းကို နိုင်ငံတကာအတွေ့အကြုံ ရင့်ကျက်သော Dr. Tin Latt ဦးဆောင်၍ လုပ်ငန်းစစ်ဆေးမှုနှင့် အကြံပေးမှုနယ်ပယ်တွင် အတွေ့အကြုံရင့်ကျက်သော ပညာရှင်များက သီအိုရီသဘောတရားများကို လက်တွေ့နယ်ပယ်နှင့် ဆက်စပ်ပြီး သင်ကြားပို့ချပေးမည်ဖြစ်ကြောင်း၊ သင်တန်းပြီးဆုံးချိန်တွင် သင်တန်းသားအားလုံးကို သင်တန်းဆင်း လက်မှတ်များချီးမြှင့်ပေးမည်ဖြစ်ကြောင်းသိရှိရသည်။

၎င်းအပြင် HACCP, ISO 22000 သင်တန်းများ၊ Marketing သင်တန်းများ၊ Auditing သင်တန်းများကို လစဉ်ပို့ချလျက်ရှိကြောင်း၊ ကုမ္ပဏီများ ISO လက်မှတ်ရရှိရေးအတွက် နိုင်ငံတကာ စံချိန်စံညွှန်းများနှင့်အညီ စစ်ဆေးပေးခြင်း၊ ဝန်ဆောင်မှုပေးခြင်းတို့ကိုလည်း ဆောင်ရွက်ပေးလျက် ရှိသည့်အပြင် LCCI, CAT, ACCA နှင့် ABE သင်တန်းများကိုလည်း ပို့ချပေးလျက်ရှိကြောင်း၊ စိတ်ပါဝင်စားသူများအနေဖြင့် MAT Professional Training & Services, ဖုန်း-၂၄၆၆၁၈၊ ၂၄၂၄၃၁၊ ၇၃၀၀၂၉၅၈နှင့် www.matprofessional.com တို့သို့ ဆက်သွယ်စုံစမ်းနိုင်ကြောင်း သိရှိရသည်။

(သတင်းစဉ်)

သဲကုန်းမြို့ ညောင်ကုန်းရပ် (အမက)မြတ်ဆရာပူဇော်မည်

နေပြည်တော် အောက်တိုဘာ ၁၄

ပဲခူးတိုင်းဒေသကြီး(အနောက်ပိုင်း) ပြည်ခရိုင် သဲကုန်းမြို့ ညောင်ကုန်းရပ် အခြေခံပညာမူလတန်းကျောင်း ကျောင်းသား၊ ကျောင်းသူဟောင်းများ၏ သတ္တမအကြိမ်မြောက် အငြိမ်းစားသက်ပြည့် ဆရာကြီး၊ ဆရာမကြီးများအား အာစရိယပူဇော်ပွဲကို အောက်တိုဘာ ၂၃ ရက် မွန်းလွဲ ၂ နာရီတွင် ညောင်ကုန်းရပ် အခြေခံပညာမူလတန်းကျောင်း၌ ကျင်းပမည်ဖြစ်ရာ ဆက်သွယ်လှူဒါန်းလိုသူများသည် အာစရိယပူဇော်ပွဲ ကျင်းပရေးကော်မတီဥက္ကဋ္ဌ ဦးဟာစံ(ခ) ဦးစံရှား ဖုန်း-၀၅၃-၆၂၀၈၃၊ အတွင်းရေးမှူး ဦးမျိုးသွင်နှင့် ဒေါ်မြင့်မြင့်မိုး ဖုန်း-၀၅၃-၆၂၀၈၅ တို့ထံ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရှိရသည်။

(သတင်းစဉ်)

ဆုချီးမြှင့်

သာကေတမြို့နယ် အမှတ်(၂)အခြေခံပညာအထက်တန်းကျောင်း၏ ၂၀၀၉-၂၀၁၀ပညာသင်နှစ် မိဘဆရာအသင်း နှစ်ပတ်လည်အစည်းအဝေးနှင့် ပညာရည်ချွန်ဆုပေးပွဲကို အောက်တိုဘာ ၂ရက်က ကျင်းပရာ ၂၆နှစ်တိုင်ခွင့်ရက်ပျက် မရှိသူ ဆရာမဒေါ်ခင်ဌေးအား ကျောင်းအကျိုးတော်ဆောင် ဥက္ကဋ္ဌ ဦးထိန်ဝင်း ဆုချီးမြှင့်စဉ်။

(ပညာရေး)

ပါမောက္ခ ဦးနေဝင်း(ဆေးပညာ)၏ သွေးချိုရောဂါအကြောင်း သိသင့်သမျှ စာအုပ်ထုတ်ဝေ

ရန်ကုန် အောက်တိုဘာ ၁၄

ပါမောက္ခဦးနေဝင်း(ဆေးပညာ)၏ ‘သွေးချိုရောဂါအကြောင်း သိသင့်သမျှ’ စာအုပ်ကို ထုတ်ဝေလိုက်သည်။

အဆိုပါ စာအုပ်တွင် သွေးချိုရောဂါ အခြေခံအကြောင်း အချက်များ၊ သွေးချိုနှင့် ယှဉ်တွဲပြဿနာများ/ ရောဂါများ၊ သွေးချိုရောဂါကုသခြင်း၊ သွေးချိုရောဂါနှင့် အစားအစာဆင်ခြင်ခြင်း၊ သွေးချိုရောဂါနှင့် ကိုယ်လက်လှုပ်ရှားအားကစား၊ သွေးချိုရောဂါ ထိန်းသိမ်းမှု ကောင်းမကောင်းစစ်ဆေးခြင်း၊ သွေးချိုရောဂါ၏ နောက်ဆက်တွဲ ပြဿနာများ၊ သွေးချိုရောဂါ အရေးပေါ်အခြေအနေများနှင့် သွေးချိုရောဂါအကြောင်း အထွေထွေဟူ၍ အပိုင်း(၉)ပိုင်းခွဲ၍ ပြည့်ပြည့်စုံစုံ တင်ပြထားသည်။

ပါမောက္ခ ဦးနေဝင်း(ဆေးပညာ) သည် သွေးချိုလူနာများအား ဆေးကုသမှုပေးနေရာတွင် တစ်နှစ်ထက်တစ်နှစ် သွေးချိုလူနာဦးရေ တိုးပွားလာခြင်း၊ သွေးချိုလူနာအများစုသည် မိမိတို့ရောဂါနှင့် စပ်လျဉ်း၍ အခြေခံကျသောအချက်များ၊ သိသင့်သော အချက်များကို နားမလည်နိုင်ခြင်း၊ ရှုပ်ထွေးနေခြင်းတို့အပေါ် သတိထားလာမိပြီး သွေးချိုရောဂါအကြောင်း လူအများ သဘောပေါက်နားလည်နိုင်ရန် အလေးဂရုပြု ရေးသားထားသည်။

ဤစာအုပ်တွင် သွေးချိုရောဂါ အကြောင်းကို လူနာတစ်ဦးသိသင့်သော အချက်များ၊ ဆောင်ရန်၊ ရှောင်ရန်များကို အဓိကထား၍ ရေးသားထားသည်။ ပါမောက္ခ ဦးနေဝင်း(ဆေးပညာ)၏



စာအုပ်ကို အရုဏ်သစ်စာပေ အမှတ်(၃၆၅-၃၆၇) ဗိုလ်ချုပ်အောင်ဆန်းလမ်း ပန်းဘဲတန်းမြို့နယ် ရန်ကုန်မြို့ ဖုန်း-၀၁-၂၄၁၂၆၃ နှင့် ၂၅၀၁၉၉ တို့က မြန်မာတစ်နိုင်ငံလုံးသို့ ဖြန့်ချိထားကြောင်း သိရှိရသည်။

(သတင်းစဉ်)

ပြည်နယ်နှင့်တိုင်းဒေသကြီး နေရာဒေသအချို့၌ မိုးသည်းထန်စွာရွာသွန်းမှုကြောင့် ချတ်ယွင်းပျက်စီးမှုများအား သက်ဆိုင်ရာတာဝန်ရှိသူများက အမြန်ပြင်ဆင်ဆောင်ရွက်ပေးလျက်ရှိ ရေဘေးသင့်ပြည်သူများအား ရေဘေးလွတ်ကင်းရာသို့ ပြောင်းရွှေ့နေရာချထားပေးခဲ့

နေပြည်တော် အောက်တိုဘာ ၁၄

ဧရာဝတီတိုင်းဒေသကြီး ဖျာပုံမြို့နယ် ဒေါ်ညိမ်းကျေးရွာအုပ်စု ဗန္ဓာပင်ကျေးရွာ၌ အောက်တိုဘာ ၁၀ ရက် နံနက် ၆နာရီတွင် ပင်လယ်ဒီရေလှိုင်းဒဏ်ကြောင့် အိုးမဲ့အိမ်မဲ့ဖြစ်သွားခဲ့သော အိမ်ထောင်စု ၁၀ စုအား Cyclone Shelter ၌ ပြောင်းရွှေ့နေရာချထားပေးခဲ့ကြောင်း၊ ကျေးရွာမူလတန်းကျောင်း အနည်းငယ်ပျက်စီးသွားခဲ့သဖြင့် ဒေသအာဏာပိုင်များ၊ တာဝန်ရှိသူများ၊ ရပ်မိရပ်ဖများက ပြင်ဆင်ဆောင်ရွက်ခဲ့ကြောင်း၊ ပန်းတနော်မြို့နယ် ရေပေါ်ကြီးကျေးရွာအုပ်စု အထက်ကဇင်းတောကျေးရွာ၌ အောက်တိုဘာ ၁၀ ရက် ညနေ ၃နာရီခွဲခန့်တွင် မိုးသည်းထန်စွာ ရွာသွန်းခဲ့မှုကြောင့် နေအိမ်တစ်လုံးနှင့် ဂိုဒေါင်တစ်လုံး ပျက်စီးသွားခဲ့ကြောင်း၊ ဒေသအာဏာပိုင်များ၊ ကျေးရွာတာဝန်ရှိသူများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များက လိုအပ်သည်များ ကူညီဆောင်ရွက်ပေးခဲ့ကြောင်း သိရှိရသည်။

မကွေးတိုင်းဒေသကြီး တောင်တွင်းကြီးမြို့နယ် ကုက္ကိုကုန်းတိုက်နယ် တလုပ်ကုန်းကျေးရွာအုပ်စု၌ အောက်တိုဘာ ၁၂ရက် ည ၉ နာရီ ၁၅ မိနစ်ခန့်မှ ၁၃ ရက် နံနက် ၅နာရီခန့်အထိ မိုးသည်းထန်စွာရွာသွန်းခဲ့မှုကြောင့် တလုပ်ကုန်းကျေးရွာအုပ်စုနှင့် တောင်လျှောင်းကျေးရွာအုပ်စုအကြား ဆက်သွယ်ထားသည့် လူကူးသစ်သားတံတား တစ်စင်း ရေထဲမျောပါသွားခဲ့သဖြင့် ကျေးရွာတာဝန်ရှိသူများ၊ ရပ်မိရပ်ဖများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များစုပေါင်း၍ တံတားအသစ် ပြန်လည်တည်ဆောက်နိုင်ရေး စီစဉ်ဆောင်ရွက်လျက်ရှိကြောင်းသိရသည်။

မန္တလေးတိုင်းဒေသကြီး ကျောက်ပန်းတောင်းမြို့နယ်အတွင်း အောက်တိုဘာ ၁၂ ရက် နံနက် ၆ နာရီခန့်တွင် မိုးသည်းထန်စွာရွာသွန်းခဲ့မှုကြောင့် ကျောက်ပန်းတောင်းဘူတာနှင့် အင်တောကျယ်ဘူတာကြားရှိ ရထားသံလမ်း တာပေါင်ရေတိုက်စားခဲ့သဖြင့် မြန်မာ့မီးရထားမှ အင်ဂျင်နီယာအဖွဲ့ သွားရောက်ပြင်ဆင်ဆောင်ရွက်ခဲ့ကြောင်း၊ စစ်ကိုင်းတိုင်းဒေသကြီး စစ်ကိုင်းမြို့နယ် ညောင်ပင်ဝန်းကျေးရွာ၊ ကင်းကျေးရွာနှင့် ညောင်ပင်သာကျေးရွာတို့၌ အောက်တိုဘာ ၁၂ ရက် နံနက်ပိုင်းတွင် မူးမြစ်ရေဝင်ရောက်မှုကြောင့် အိမ်ထောင်စုအချို့နှင့် နွားကောင်ရေ ၂၀၀ ကျော် ရေဘေးလွတ်ကင်းရာသို့ ပြောင်းရွှေ့နေရာချထားပေးခဲ့ရကြောင်း၊ ဒေသအာဏာပိုင်များ၊ ကျေးရွာတာဝန်ရှိသူများနှင့် လူမှုရေးအသင်းအဖွဲ့ဝင်များက ကယ်ဆယ်ရေးလုပ်ငန်းများဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

အလားတူ မန္တလေးတိုင်းဒေသကြီး စဉ့်ကူးမြို့နယ်အတွင်း အောက်တိုဘာ ၁၂ ရက်တွင် မိုးသည်းထန်စွာ ရွာသွန်းခဲ့မှုကြောင့် လက်ပံလှကျေးရွာအနီး သံကူကွန်ကရစ်တံတားတစ်စင်း ရေထဲပြိုကျပျက်စီးခဲ့သဖြင့် တာဝန်ရှိသူများက လမ်းပိုင်းဆိုင်ရာ အင်ဂျင်နီယာများနှင့် ညှိနှိုင်း၍ ယာယီဘေလီတံတား အမြန်တည်ဆောက်လျက်ရှိကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ကျန်းမာရေးဝန်ကြီးဌာန ဝန်ကြီး ဒေါက်တာကျော်မြင့် ခင်းကျင်းပြသထားသည့် ကမ္ဘာ့မျက်မမြင်ပပျောက်ရေးနေ့ အထိမ်းအမှတ် လှုပ်ရှားမှုမှတ်တမ်းပြခန်းငယ်ကို ကြည့်ရှုအားပေးစဉ်။ (သတင်းစဉ်)

မိတ္ထီလာမြို့ အထက(၁) ကျောင်းသား၊ ကျောင်းသူဟောင်းများ (၁၄)ကြိမ်မြောက် အာစရိယပူဇော်ပွဲ ကျင်းပမည်

နေပြည်တော် အောက်တိုဘာ ၁၄

မိတ္ထီလာမြို့ အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်း၌ အမျိုးသားကျောင်းမှ ယနေ့အထိ တာဝန်ထမ်းဆောင်ခဲ့ကြပြီး အငြိမ်းစားယူခဲ့ကြသော အသက်(၆၀)နှင့်အထက် ဆရာကြီး၊ ဆရာမကြီးများအား ကျောင်းသား၊ ကျောင်းသူဟောင်း တပည့်အားလုံးတို့က ပူဇော်ကန်တော့ကြမည့် (၁၄)ကြိမ်မြောက် အာစရိယပူဇော်ပွဲအခမ်းအနားကို နိုဝင်ဘာ ၂၈ ရက် (တနင်္ဂနွေနေ့) နံနက် ၉ နာရီတွင် မိတ္ထီလာမြို့ အထက(၁)၌ ကျင်းပမည်ဖြစ်သည်။

ပူဇော်ပွဲအခမ်းအနားသို့ ရပ်ဝေးရပ်နီးမှ ကျောင်းသား၊ ကျောင်းသူဟောင်း တပည့်များအားလုံး တက်ရောက်ပူဇော်ကန်တော့ကြပါရန်နှင့် အလှူငွေများကို ဒေါ်မာလာ[ကျောင်းအုပ်ကြီး၊ အထက(၁)၊ မိတ္ထီလာ]ဖုန်း-၀၆၄-၂၃၀၁၉၊ ၀၉-၂၂၀၁၀၉၈၊ ဒေါ်စုစုလွင် ဖုန်း-၀၆၄-၂၅၇၇၂၊ ဒေါ်မြင့်မြင့်ခိုင် ဖုန်း-၀၆၄-၂၃၄၇၅၊ ၀၉-၂၂၀၀၂၇၅၊ ဦးစံလင်း ဖုန်း-၀၆၄-၂၄၁၈၄၊ ဦးခင်ထွန်း ဖုန်း-၀၆၄-၂၄၅၉၁၊ ၀၉-၂၂၀၁၈၁၆၊ ဦးအောင်ကျော်မြင့် ဖုန်း-၀၉-၈၀၂၀၀၅၁၊ ၀၁-၆၆၄၆၄၈၊ ဦးငွေမောင်း ဖုန်း-၀၉-၅၀၆၂၅၄၊ ၀၁-၅၁၈၀၀၉၊ ဦးတည်ထွန်း ဖုန်း-၀၉- ၅၁၀၀၀၄၃ နှင့် ဦးကြည်ဝင်း ဖုန်း-၀၆၄-၂၆၁၂၉၊ ၀၆၄-၂၆၀၈၂ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရှိရသည်။ (သတင်းစဉ်)

☆**ရွှေဖုံးမှ**

၈၀ ရာခိုင်နှုန်းသည် ကာကွယ်ကုသ၍ရသည့် ရောဂါများဖြစ်သည်ကို တွေ့ရကြောင်း၊ ယင်းတို့အနက် ၉၀ ရာခိုင်နှုန်းသော မျက်စိကွယ်သူများသည် ဖွံ့ဖြိုးဆဲနိုင်ငံများ၌ နေထိုင်လျက်ရှိကြကြောင်း၊ ထို့ကြောင့် ကမ္ဘာ့ကျန်းမာရေးအဖွဲ့ကြီးသည် ၁၉၉၉ခုနှစ် ဖေဖော်ဝါရီ ၁၈ ရက်တွင် Vision 2020: The Right to Sight အစီအစဉ်ကို ချမှတ်ခဲ့ကြောင်း၊ ဤအစီအစဉ်၏ အဓိက ရည်ရွယ်ချက်မှာ ၂၀၂၀ ပြည့်နှစ်တွင် ကာကွယ်ကုသ၍ရသည့် မျက်စိကွယ်ခြင်းများ ကင်းစင်ပပျောက်စေရန် ဖြစ်ကြောင်း၊ ထို့အပြင် အောက်တိုဘာလ၏ ဒုတိယ ကြာသပတေးနေ့ကို ကမ္ဘာ့မျက်မမြင် ပပျောက်ရေးနေ့အဖြစ် သတ်မှတ်ပြီး တစ်ကမ္ဘာလုံး၌ ကျင်းပကြရန်ကိုလည်း ကြေညာခဲ့ကြောင်း၊ ယနေ့ဆိုလျှင် ကမ္ဘာ့ကျန်းမာရေးအဖွဲ့ဝင်နိုင်ငံတိုင်းသည် ကမ္ဘာ့မျက်မမြင်ပပျောက်ရေးနေ့ အထိမ်းအမှတ် အခမ်းအနားများကို မိမိနိုင်ငံအလိုက် ကျင်းပလျက် ရှိကြကြောင်း၊ ကျင်းပရသည့် ရည်ရွယ်ချက်များမှာ မျက်စိကွယ်ခြင်းနှင့် မျက်စိမှုန်ခြင်းများသည် အပြည်ပြည်ဆိုင်ရာ ပြည်သူ့ကျန်းမာရေး ပြဿနာတစ်ခု ဖြစ်ကြောင်း ပြည်သူတစ်ရပ်လုံးက သိရှိနားလည်လာပြီး မျက်မမြင် ကာကွယ်ကုသရေးလုပ်ငန်းများကို လက်ရှိအခြေအနေထက် အရှိန်အဟုန်မြင့် ဆောင်ရွက်လာစေရန်နှင့် ကာကွယ်ကုသ၍ရသော မျက်စိရောဂါများကြောင့် မျက်မမြင်ဖြစ်ပွားမှုနှုန်း လျော့နည်းပပျောက်သွားစေရန် ဖြစ်ကြောင်း။

မြန်မာနိုင်ငံအနေဖြင့်လည်း National Vision 2020 အစီအစဉ်ကို ၂၀၀၀ ပြည့်နှစ် အောက်တိုဘာ ၁၀ ရက်တွင် စတင်ချမှတ်ဆောင်ရွက်ခဲ့ကြောင်း၊ ဤ National Vision 2020 အစီအစဉ်၏ အဓိက ရည်မှန်းချက်မှာ ၂၀၂၀ ပြည့်နှစ်တွင် ကာကွယ်ကုသ၍ရသည့် မျက်စိကွယ်ခြင်းများ ကင်းစင်ပပျောက်စေရန်နှင့် မျက်စိကွယ်သည့်နှုန်းကို ရာခိုင်နှုန်း သုည ဒသမ ၅ အောက် လျော့ကျစေရန် ဖြစ်ကြောင်း၊ အဆိုပါ ရည်မှန်းချက်များ အောင်မြင်ရန်အတွက် ဆောင်ရွက်ရမည့် နည်းလမ်းများကိုလည်း ချမှတ်ခဲ့ကြောင်း၊ နည်းလမ်းများမှာ ၂၀၂၀ တွင် ပဏာမ မျက်စိကျန်းမာရေး စောင့်ရှောက်မှုလုပ်ငန်းများ တစ်နိုင်ငံလုံး လွှမ်းခြုံမိစေရန်၊ အတွင်းတိမ် ခွဲစိတ်မှုနှုန်း တစ်နှစ်လျှင် ၁၄၀၀ ထိ တိုးမြှင့်ဆောင်ရွက်နိုင်ရန်၊ အတွင်းတိမ်ခွဲရာ၌ မျက်ကြည်မှန်ထည့်သည့်နှုန်း ၉၀ ရာခိုင်နှုန်းအထိ တိုးမြှင့်နိုင်ရန်၊ မျက်စိအထူးကုဆရာဝန်များ၊ မျက်မှန်ပညာရှင်များနှင့် မျက်စိသူနာပြုများ တိုးမြှင့်မွေးထုတ်ရန်၊ မျက်စိအထူးကုဌာနများ တိုးချဲ့ဖွင့်လှစ်ရန်နှင့် ပြည်သူလူထု တစ်ရပ်လုံးကလည်း မျက်စိကျန်းမာရေး အသိ ပိုမိုသိရှိနားလည်ပြီး လိုက်နာကျင့်သုံးလာစေရန်တို့ ဖြစ်ကြောင်း၊ ယခုအခါ ၂၀၁၀ ကို ရောက်လာပြီဖြစ်သည့်အတွက် မူလရည်မှန်းချက်ဖြစ်သော Vision 2020 The Right to Sight ဆောင်ရွက်ခဲ့သည့် လုပ်ငန်းစဉ်ခရီးသည် (၁၀)နှစ်ပြည့်ခဲ့ပြီ ဖြစ်ကြောင်း။

လက်ရှိ မြန်မာနိုင်ငံ၏ မျက်မမြင်ကာကွယ်ကုသရေး လုပ်ငန်းများကို ဆန်းစစ်လေ့လာကြည့်သည့်အခါ အရှိန်အဟုန်ဖြင့် တိုးမြှင့်ဆောင်ရွက်နိုင်ပြီး အောင်မြင်မှုရရှိနေသည်ကို အားလုံး တွေ့ရှိရမည် ဖြစ်ကြောင်း၊ ဤသို့ ဆောင်ရွက်နိုင်ခြင်းသည်လည်း နိုင်ငံတော်အနေဖြင့် မျက်စိအထူးကုဆရာဝန်များ တိုးမြှင့်မွေးထုတ်ပေးခြင်း၊ မျက်စိကုဌာနများ တိုးချဲ့ဖွင့်လှစ်ပေးခြင်း၊ လိုအပ်သည့် ခွဲစိတ်မှုအထောက်အကူပြု ပစ္စည်းကိရိယာများ၊ အဏုကြည့်ခွဲစိတ်ကိရိယာများကို ကျပ်သန်းပေါင်းများစွာ အကုန်အကျခံ၍ ဝယ်ယူ ပံ့ပိုးပေးမှုကြောင့် ဖြစ်ကြောင်း၊ ထို့အပြင် ကမ္ဘာ့ကျန်းမာရေးအဖွဲ့ကြီး၊ Christoffel Blindenmission၊ Hellen Keller International၊ Asian Eye Care Association၊ Vision Myanmar Project (Australia) အဖွဲ့များကလည်း တစ်ဖက်တစ်လမ်းမှ နှစ်စဉ်ကူညီထောက်ပံ့လျက်ရှိကြောင်း၊ ယခုအခါ အကြောင်းအမျိုးမျိုးကြောင့် မျက်စိကုဌာနများသို့ လာရောက်၍ ကုသမှု မခံယူနိုင်သည့် မျက်စိဝေဒနာရှင်များအတွက် ကမ္ဘာ့ကျန်းမာရေးအဖွဲ့ကြီး၊ ပြည်တွင်းပြည်ပမှ လူမှုရေးအသင်းအဖွဲ့များ၊ ပုဂ္ဂလိက တစ်ဦးချင်း အလှူရှင်များ၏ ပံ့ပိုးကူညီ လှူဒါန်းမှုများဖြင့် မျက်စိအထူးကု ဆရာဝန်ကြီးများသည် မြို့နယ်၊ ကျေးရွာများအထိဆင်းပြီး မျက်စိကျန်းမာရေး စောင့်ရှောက်မှု၊ အတွင်းတိမ်၊ ရေတိမ် အစရှိသော ခွဲစိတ်ကုသမှုများ ကွင်းဆင်းဆောင်ရွက်ပေးနေကြကြောင်း၊ ၂၀၀၉ ခုနှစ်တွင်

ကမ္ဘာ့ကျန်းမာရေးအဖွဲ့ ဌာနေကိုယ်စားလှယ် Dr. H.S.B Tennakoon ရှင်းလင်းပြောကြားစဉ်။ (သတင်းစဉ်)

အတွင်းတိမ် လူနာပေါင်း ၁၀၅၀၀ ကို အခမဲ့ ကွင်းဆင်းခွဲစိတ်ကုသပေးနိုင်ခဲ့ကြောင်း၊ ဤသို့ ဆောင်ရွက်ရာတွင် ဒေသခံစေတနာရှင် ပြည်သူများကလည်း တတ်နိုင်သည့်ဘက်က ကူညီလျက်ရှိကြကြောင်း၊ မြန်မာနိုင်ငံ National Vision 2020 အစီအစဉ်၏ ရည်မှန်းချက်များကို ပြန်လည်ဆန်းစစ်ကြည့်မည်ဆိုလျှင် ယခုအခါ လူတစ်သန်းတွင် အတွင်းတိမ်ခွဲစိတ်မှုနှုန်း ၁၃၇၀၊ အတွင်းတိမ် ခွဲစိတ်ပြီး မျက်ကြည်မှန်ထည့်သည့်နှုန်း ၉၃ ရာခိုင်နှုန်း၊ မျက်စိကုဌာနပေါင်း ၆၁ ခုနှင့် မျက်စိဆရာဝန်ပေါင်း ၂၅၈ ဦး ရှိလာပြီဖြစ်သောကြောင့် ရည်မှန်းချက်၏ ၉၀ ရာခိုင်နှုန်း ပြည့်မီနေပြီဖြစ်ကြောင်း။

ကလေးသူငယ်များ မျက်မမြင်ခြင်းကို ဖြစ်စေသော ကာကွယ်ကုသ၍ရသည့် မျက်စိရောဂါများအား ကာကွယ်ကုသရန်အတွက် ရန်ကုန်မြို့ မျက်စိအထူးကုဆေးရုံကြီး၌ ကလေးသူငယ် မျက်စိကုဌာန ဖွင့်လှစ်၍ လိုအပ်သော ပစ္စည်းကိရိယာများ ပံ့ပိုးထားပြီး ဆောင်ရွက်လျက်ရှိကြောင်း၊ ထို့အပြင် အခြေခံကျန်းမာရေး ဝန်ထမ်းများအား ကလေးသူငယ်များတွင် အဖြစ်များသော မျက်စိရောဂါများအကြောင်း၊ ပဏာမ မျက်စိကျန်းမာရေးစောင့်ရှောက်မှု သင်တန်းများ ပေးခြင်း၊ အခြေခံပညာမူလတန်းကျောင်း၊ အလယ်တန်းကျောင်းများ၌ မျက်စိကျန်းမာရေးစစ်ဆေးခြင်းများ ဆောင်ရွက်လျက်ရှိကြောင်း၊ မျက်မမြင်ကာကွယ်ရေးလုပ်ငန်းများကို မျက်မမြင် ကာကွယ်ရေးစီမံကိန်းဌာနများ၊ ပြည်နယ်နှင့် တိုင်းဒေသကြီး ဆေးရုံကြီးများ၊ ခရိုင်အဆင့်ဆေးရုံများရှိ မျက်စိကုဌာနများ၊ ကျေးလက်ကျန်းမာရေးဌာနများကလည်း တက်ညီလက်ညီ ပူးပေါင်းဆောင်ရွက်လျက်ရှိကြောင်း။

သက်ဆိုင်ရာ အစိုးရအဖွဲ့အစည်းများ၊ ကမ္ဘာ့ကျန်းမာရေးအဖွဲ့ကြီးနှင့် အစိုးရမဟုတ်သော လူမှုရေးအဖွဲ့အစည်းများအပြင် ပြည်သူတစ်ရပ်လုံးကပါ အရှိန်အဟုန်မြင့် ပူးပေါင်းဆောင်ရွက်မှသာ ကမ္ဘာ့ကျန်းမာရေးအဖွဲ့ကြီး၏ ရည်မှန်းချက်ဖြစ်သော ၂၀၂၀ တွင် ကာကွယ်ကုသ၍ရသော မျက်စိရောဂါများ လျော့နည်းပပျောက်အောင် ဆောင်ရွက်နိုင်မည်ဖြစ်၍ အင်တိုက်အားတိုက် ပူးပေါင်းဆောင်ရွက်ကြရန် တိုက်တွန်းပြောကြားသည်။

ထို့နောက် ကမ္ဘာ့ကျန်းမာရေးအဖွဲ့ ဌာနေကိုယ်စားလှယ် Dr. H.S.B Tennakoon က ကမ္ဘာ့မျက်မမြင် ပပျောက်ရေးလုပ်ငန်းများ ဆောင်ရွက်နေမှုနှင့် စပ်လျဉ်း၍ ရှင်းလင်းပြောကြားပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

အခမ်းအနားအပြီးတွင် ဝန်ကြီး၊ ဒုတိယဝန်ကြီးနှင့် ဧည့်သည်တော်များသည် ခန်းမအတွင်း ခင်းကျင်းပြသထားသည့် ကမ္ဘာ့မျက်မမြင် ပပျောက်ရေးနေ့အထိမ်းအမှတ် လှုပ်ရှားမှုမှတ်တမ်း ပြခန်းငယ်ကို လှည့်လည်ကြည့်ရှုအားပေးကြသည်။

ယခုနှစ်ကမ္ဘာ့ကျန်းမာရေးအဖွဲ့ကြီးက သတ်မှတ်ထားသည့် ဆောင်ပုဒ်မှာ "Count down to 2020" ဖြစ်ပြီး "စက္ခုအမြင်ရှင်သန်ဖို့၊ ဆယ်စုနှစ်အတွင်း ကြိုးစားစို့" ဖြစ်သည်။

(သတင်းစဉ်)

TV Guide ထုတ်ဝေဖြန့်ချိ

ရန်ကုန် အောက်တိုဘာ ၁၄

၁၅ ရက်တစ်ကြိမ် ထုတ်ဝေဖြန့်ချိလျက်ရှိသည့် TV Guide စာစောင် အတွဲ(၂)၊ အမှတ်(၁၂)ကို အောက်တိုဘာ ၁၅ ရက် (သောကြာနေ့)တွင် စတင်ဖြန့်ချိမည်ဖြစ်ကြောင်း သိရသည်။ ယင်း TV Guide စာစောင်တွင် မြန်မာစာတန်းထိုးများဖြင့် ပြသနေသည့် Star Movies ရုပ်သံလိုင်း၌ Signs, Poltergeist III, Mothman, Halloween II, Drag Me To Hell, Pandorum, Mongolian Death Worm စသည့် ရုပ်ရှင်ဇာတ်ကားကောင်းများ၊ ကလေးများအတွက် Cartoon Network ရုပ်သံလိုင်းတွင် ဟယ်လိုဝင်း တစ္ဆေကြီးများ ပွဲတော်ကာလနှင့် သက်ဆိုင်သည့် ကာတွန်းဇာတ်လမ်းများ၊ Channel V ရုပ်သံလိုင်းတွင် ကြည့်ရှုရမည့် V Special: Formula 1 Grand Prix 2010 အစီအစဉ်၊ TLC ရုပ်သံလိုင်းတွင် ကလေးရှစ်ယောက်ပိုင်ဆိုင်သည့် Gosselin မိသားစု၏ ဖြစ်ရပ်မှန်အစီအစဉ်၊ သဘာဝလွန်ဖြစ်ရပ်များနှင့် ထူးဆန်းသည့် ခရီးသွားလာမှုများအား ကြည့်ရှုရမည့် Weird Travels၊ ဂျပန်နိုင်ငံအကြောင်းနှင့် ခရီးသွားစိတ်ဝင်စားသူများအတွက် Kelly Osbourne အစီအစဉ်၊ တိရစ္ဆာန်ငယ်လေးများအား ပြုစုစောင့်ရှောက်သည့် Growing Up အစီအစဉ်၊ အင်ဒိုနီးရှားနိုင်ငံ၏ တောရိုင်းသဘာဝနှင့် ရေအောက်ကမ္ဘာ အလှအပများအား ကြည့်ရမည့် Wild Indonesia အစီအစဉ်နှင့် အခြားစိတ်ဝင်စားဖွယ် အစီအစဉ်သစ်များ၊ အစီအစဉ်အားလုံးအား မြန်မာစာတန်းထိုးများဖြင့် ပြသနေသည့် NGC ရုပ်သံလိုင်းတွင် ကြည့်ရမည့် Aftermath အစီအစဉ်၊ ကမ္ဘာ့အကြီးဆုံး ဘိုးအင်း ၇၄၇ လေယာဉ်ကြီး ပျက်ကျသည့် အကြောင်းအား အသေးစိတ်ကြည့်ရှုရမည့် Air Crash Investigation၊ Discovery ရုပ်သံလိုင်းတွင် မော်တော်ကားများအကြောင်း သီးသန့်တင်ဆက်နေသည့် Wheeler Dealers အစီအစဉ်နှင့် အသက်အန္တရာယ် ကျရောက်လာချိန်တွင် ရှင်သန်နေထိုင်နိုင်ရန် ကြိုးစားမှုများအား တင်ဆက်ပေးနေသည့် Discovery Saved My Life အစီအစဉ်အကြောင်း၊ Nat Geo Wild ရုပ်သံလိုင်းတွင် ဟာရီကိန်းမုန်တိုင်းကြောင့် စပါးအုံးမြွေအကောင် ၉၀၀ ပျံ့နှံ့ခဲ့ရပုံအား ပြသမည့် Python Hunters အစီအစဉ်၊ သာမန်ထက်လွန်ကဲသည့် တိရစ္ဆာန်များ၏ လှုပ်ရှားမှုအပြုအမူများအား ကြည့်ရမည့် Caught In The Earth အစီအစဉ်၊ ESPN နှင့် Star Sports ရုပ်သံလိုင်းတွင် တိုက်ရိုက်ထုတ်လွှင့်ပေးမည့် မန်ယူ-ဝက်စ်ဘရွန်း၊ အာဆင်နယ်-ဘာမင်ဂန်၊ ဘလက်ပူးလ်-မန်စီးတီး၊ အဲဗာတန်-လီဗာပူးလ်၊ ဗီလာ-ချဲလ်ဆီး၊ တော့တင်ဟန်-အဲဗာတန်၊ ချဲလ်ဆီး-ဝုဗ်ဗာဟမ်တန်၊ မန်စီးတီး-အာဆင်နယ်၊ စတုတ်-မန်ယူ၊ လီဗာပူးလ်-ဘလက်ဘန်း၊ ဘလက်ဘန်း-ချဲလ်ဆီး၊ အာဆင်နယ်-ဝက်စ်ဟမ်း၊ မန်ယူ-တော့တင်ဟန်၊ ဘောလ်တန်-လီဗာပူးလ်၊ နယူးကာဆယ်-ဆန်းဒါးလန်း စသည့် ပွဲစဉ်များ၏ ပွဲကြိုသုံးသပ်ချက်များ၊ Multi Max၊ 5 Movie၊ 5 Series၊ 5 Series II၊ 5 Cartoon ရုပ်သံလိုင်းများတွင် ပြသမည့် အစီအစဉ်များအကြောင်း၊ မန္တလေး FM တွင် နားဆင်ရမည့် နေရဲမာန်၏ ‘ဘာဖြစ်တာလဲ’ VCD အညွှန်းနှင့် ‘ကြောက်စိတ်’ ရေဒီယိုဇာတ်လမ်း၊ MRTV-4 ရုပ်သံလိုင်းမှ အောက်တိုဘာ ၁၁ ရက်တွင် စတင်ပြသသည့် 2D + 3D နည်းပညာဖြင့် ရိုက်ကူးထားသည့် ကာတွန်းဇာတ်ကားသစ်အကြောင်း၊ MRTV-4 ၏ ဆက်စပ်ရုပ်သံလိုင်းများဖြစ်သည့် For Info, For Sports, For Edu, For Choice စသည့် Digital Channel များ၏ Grid များနှင့် ပြသနေသည့် အစီအစဉ်များအကြောင်း၊ ရုပ်သံလိုင်းအားလုံး၏ ၁၅ ရက်စာ အစီအစဉ်များအပြင် မြဝတီရုပ်သံလိုင်း၏ ၁၅ ရက်စာအစီအစဉ်များ ပါဝင်သည်။

၁၅ ရက်စာ အစီအစဉ်များပါဝင်သော TV Guide စာစောင်ကို TV Guide Distribution Network ဖုန်း-၀၁-၇၃၀၆၀၃၁၅ မှ တစ်နိုင်ငံလုံးသို့ ဖြန့်ချိလိုက်ပြီဖြစ်သည်။ Door To Door မှာယူလိုသူများသည် Novel Light Express ဖုန်း-၀၉-၅၀၈၀၈၅၀၊ ၃၉၁၁၈၆ တို့သို့ မှာယူနိုင်ကြောင်း သိရသည်။ (သတင်းစဉ်)

ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း ပညာပေးဟောပြောပွဲ ကျင်းပ

နေပြည်တော် အောက်တိုဘာ ၁၄

နေပြည်တော်ခရိုင် ဇေယျာသီရိ မြို့နယ် ပြည်စံအောင်ရပ်ကွက် ရှင်းလင်းဆောင်၌ အောက်တိုဘာ ၁၁ ရက် ညနေပိုင်းတွင် နေပြည်တော် ယာဉ်စည်းကမ်းထိန်းသိမ်းရေး ကြီးကြပ်မှုကော်မတီမှ ဦးစီးပြီး ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းဆိုင်ရာ ပညာပေး ဟောပြောပွဲ ကျင်းပရာ မြို့နယ် ဥက္ကဋ္ဌ ဦးမြတ်သိန်းထွန်း၊ နေပြည်တော် ယာဉ်ထိန်းတပ်ဖွဲ့မှ ဒုတိယရဲမှူး အောင်မြင့်ကျော်နှင့်အဖွဲ့၊ ကျေးရွာဥက္ကဋ္ဌဦးဆောင်ဦးနှင့် အဖွဲ့ဝင်များ၊ ရပ်ကွက်သူ၊ ရပ်ကွက်သားများနှင့် ယာဉ်မောင်းများ စုစုပေါင်း ၃၈၀ တက်ရောက်ခဲ့ပြီး ဒုတိယရဲမှူး အောင်မြင့်ကျော်က ဗီဒီယိုကားချပ်များနှင့် ရှင်းလင်းဆွေးနွေးခဲ့ကြောင်း သိရှိရသည်။**(အပေါ်ပုံ)**

(သတင်းစဉ်)

❑သာယာဝတီမြို့မှ

မြို့၏အရှေ့ဘက် ရွှေဝါကျေးရွာ နမ့်တိန်းချောင်းဘေးတွင် တည်ရှိသည်။ လိုက်ပါပို့ဆောင်ပေးသော ကွမ်လုံခရိုင် နှစ်ရှည်ပင်မန်နေဂျာ ဦးကြာဝင်းက "ဦးကျန်ပါရဲ့ ရော်ဘာခြံက ၃၈၅ ဧက ရှိပါတယ်။ သူနဲ့ တစ်ဆက်တည်း က ဦးမောင်မြင့်ရဲ့ ဧက ၄၀၀ ခြံ၊ ဦးကျင် ဝမ်းရဲ့ ဧက ၃၈၀ ခြံတွေပါ။ တစ်ဆက် တည်း မြင်နေရတာက နမ့်တစ်ဘက်က ရော်ဘာတောတွေနဲ့ ဟိုပန်မြို့နယ်က ခြံရှင်တွေရဲ့ ရော်ဘာခင်းတွေပါ။ ကွမ်လုံ ခရိုင်မှာ ရော်ဘာစိုက်ဧကပေါင်း ၈၄၃၆ ဧကရှိပြီး ဧက ၁၅၀၀ ခန့်ကို အစေးလှီး နေကြပါပြီ"ဟု စာရေးသူအား ရှင်းပြသည်။

ခရိုင်မန်နေဂျာ ဦးကြာဝင်း ရှင်းပြ သည်ကို နားထောင်ရင်း ကျယ်ပြန့်လှ သည့် ရော်ဘာပင်ပျို တောအုပ်ကြီးကို ထပ်မံ ကြည့်မိကြပြန်သည်။ လူလုပ်သစ် တော (Man Made Forest) ဟု တင်စားရလောက်အောင် ကွမ်လုံ- ဟိုပန်-နမ့်တစ်-မိုင်းမောဒေသများတွင် ဧကထောင်ချီ၍ ရော်ဘာစိုက်ခင်းများ လွှမ်းနေသည်။ မြေလွတ်၊ မြေလပ်ဆို၍ မရှိ။ တစ်ခွင်တစ်ပြင်လုံး စိမ်းစိမ်း မှိုင်းမှိုင်း ဝေဝေစီစီ။

၁၉၈၈ခုနှစ် မတိုင်မီက ယင်းဒေသ များတွင် ရော်ဘာစိုက်ခင်းများ မရှိခဲ့ပါ။ ၁၉၉၀ ခုနှစ်တွင် နိုင်ငံတော်အကြီး အကဲ၏ လမ်းညွှန်မှုအရ နယ်စပ်ဒေသ နှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုး တိုးတက်ရေး လုပ်ငန်းကော်မတီနှင့် လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်း ဝန်ကြီးဌာနတို့ ပူးပေါင်း၍ ဒေသဖွံ့ဖြိုး ရေးနှင့် ဘိန်းအစားထိုးသီးနှံအဖြစ် စတင် စိုက်ပျိုးခဲ့ကြောင်း သိရသည်။ ဒေသခံများ လွယ်လင့်တကူ စိုက်ပျိုးနိုင် စေရန် ဒေသအာဏာပိုင်များ၊ လယ်ယာ စိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန တို့က မြေလွတ်မြေရိုင်း ဖော်ထုတ်ပေး ခြင်းအပြင် စိုက်နည်းစနစ်များ၊ ပျိုးပင် များ ကူညီထောက်ပံ့ခဲ့သလို နည်းပညာ ပေးသင်တန်းများကို စဉ်ဆက်မပြတ် ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

ဦးကျန်ပါသည် ၁၉၉၇ ခုနှစ်တွင် ဟိုပန်မြို့နယ် ရွှေဝါကျေးရွာတွင် မြေ လွတ်မြေရိုင်း ၃၈၅ ဧက ဖော်ထုတ်၍ ရော်ဘာများကို စတင်စိုက်ပျိုးခဲ့သည်။ ၂၀၀၄ ခုနှစ်တွင် အစေးစတင်လှီးနိုင်ပြီး ယခု ၂၀၁၀ ခုနှစ်တွင် ဧက ၁၅၀ ကို အစေးထုတ်လုပ်နိုင်ခဲ့ပြီဖြစ်ကာ တစ်ဧက အထွက် ပေါင် ၇၀၀ ရှိရာ တစ်နှစ် ပေါင် တစ်သိန်းကျော် ရရှိနေပြီဖြစ်သည်။ စိုက်ခင်းကို ဝန်ကြီးဌာန၏ နည်းပညာ အရ ဒေသနှင့်ကိုက်ညီသော RRIM 600, GT 1 မျိုးများကို စိုက်ပျိုးထားပြီး BPM-24 မျိုးများကိုလည်း စမ်းသပ် စိုက်ပျိုးထားသည်ကို တွေ့ရသည်။



၂၀၁၀ ခုနှစ် ကမ္ဘာ့စားနပ်ရိက္ခာ နေ့အထိမ်းအမှတ် ထူးချွန်ရော်ဘာ ခြံရှင်ဆု ရွေးချယ်ခြင်းခံရသော ဟိုပန်မြို့နယ်မှ ခြံရှင် ဦးကျန်ပါ။

ခြံရှင် ဦးကျန်ပါက "ကျွန်တော့်အနေ နဲ့ ရှိတဲ့အရင်းအနှီးနဲ့ လုပ်သားတွေစုပြီး ရော်ဘာကို ဖြစ်ထွန်းအောင် ဆောင် ရွက်မယ်ဆိုပြီး စိုက်ခဲ့တာပါ။ နယ်စပ် ဖြစ်တဲ့ တရုတ်နိုင်ငံဘက်မှာ ရော်ဘာ တွေ ဖြစ်ထွန်းတယ်။ ဒါကြောင့် ရေမြေ ရာသီဥတုတူညီတဲ့ ဟိုပန်မှာ ရော်ဘာ စိုက်ရင် ဖြစ်ထွန်းမယ်လို့ နှစ်ရှည်ပင် ဝန်ထမ်းတွေကလည်း တိုက်တွန်းတော့ စိုက်ဖြစ်သွားတာပါ။ ဟိုတုန်းကတော့ တောင်ယာလုပ်ငန်းနဲ့ ကုန်သည်ပဲ လုပ်ခဲ့ တာပါ။ အခု ရော်ဘာအစေးလှီး ဧက တွေက တစ်နှစ်ပြီးတစ်နှစ် တိုးလာသလို အစေးထွက်လည်း များလာတော့ ခြံလုပ် ငန်းကိုပဲ အဓိကလုပ်ပါတော့တယ်။

"ဌာနက နည်းပညာပေးတဲ့အတိုင်း ဒေသနဲ့ကိုက်ညီတဲ့ မျိုးတွေရွေးချယ် ခဲ့သလို မြေဩဇာကျွေးခြင်း၊ ကွန်တို ဖော်ခြင်း၊ ပိုးမွှားကာကွယ်ခြင်း၊ အစေး ထုတ်လုပ်တဲ့နည်းပညာတွေကို လေ့လာ ဆည်းပူးဆောင်ရွက်ခဲ့လို့ ခုလို အောင် မြင်ရတာပါ။ ရော်ဘာစိုက်နိုင်အောင် ကူညီပေးတဲ့ တာဝန်ရှိသူအားလုံးကို ကျေးဇူးတင်ပါတယ်" ဟု ရှင်မြူးဂုဏ်ယူ ဝမ်းမြောက်စွာ ပြောပြသည်။

လက်ရှိခြံတွင် အစေးလှီးလုပ်သား များကို တစ်ရက် အပင် ၂၅၀ လှီးရန် သတ်မှတ်ပေးထားပြီး တစ်ရက် ငွေကျပ် ၃၅၀၀ ပေးချေကာ လုပ်သား ၄၅ ဦးခန့် အစေးလှီးနေကြသည်။ ခြံတွင် ပေ ၄၀×၂၀ မှိုင်းခံရုံ ဆောက်လုပ်ထားပြီး နေ့စဉ်လုပ်သား ၁၅ ဦးဖြင့် ရော်ဘာပြား များ ထုတ်လုပ်ပေးလျက်ရှိသည်။

ဦးကျန်ပါ၏ ရော်ဘာခြံတွင်းသို့ မိမိတို့အဖွဲ့ လှည့်ပတ်ကြည့်ရှုကြသော အခါ ရော်ဘာပင်တန်း အုပ်မိုးမှုကြောင့် အပူဒဏ်ကို မခံစားကြရ။ တောင်ကုန်း တောင်စောင်းများပေါ်တွင် တန်းခြား ၃၀ ပေ၊ ပင်ခြား ခုနစ်ပေဖြင့် ကွန်တိုရစ် စိုက်ထားသော ထွားကျိုင်းသန်မာ လှသော ရော်ဘာပင်များက တည်တည် ငြိမ်ငြိမ်ဖြင့် ရော်ဘာစေးထုတ်ရန် စောင့် ဆိုင်းနေသည့်အလား တွေ့မြင်ရသည်။ ရော်ဘာတန်းခြား နှစ်တန်းပြီးတိုင်း သပ်ရပ်စွာတူးဖော်ထားသော မြေဆီ မြောင်းများ၊ မြေဆီကျွေးပြီး လိုင်းတန်း ရှင်းထားသဖြင့် အခင်းအောက်ခြေ သည်လည်း ရှင်းရှင်းသန့်သန့်။ မနက် ခင်းက အစေးလှီးသိမ်းပြီးပြီမို့ ခွက် ကလေးများကို ရော်ဘာပင်ချိတ်တွင် အစီအရီ မှောက်လျက်ဆောင်းထား သည့် မြင်ကွင်းကလည်း လှလှပပ။ အစေးစုကန်သို့ လာရောက် အစေး ပို့ကြသည့် ခြံလုပ်သားများ၊ ခဲပြီး ရော်ဘာအစေးများကို ကြိတ်သားရ အောင် တက်ညီလက်ညီ လုပ်ဆောင် နေသည့် လုပ်သားလူရွယ်များ၊ တစ်ဖန် ရော်ဘာ ကြိတ်သားပြားကို ရေစစ် အောင် နေလှန်းခြင်း၊ မှိုင်းရုံထဲ သွင်း နေကြသည့် လုပ်သားများ၊ အလုပ် သမများကို ပျော်ရွှင်တက်ကြွစွာ လုပ်ငန်းခွင်ဝင်နေသည်ကို တွေ့မြင် ရပြန်သည်။ ရွှေဖြူဟု တင်စားကြ သည့် ရော်ဘာသည် တစ်တန်ကို သိန်း ၂၀ မှ သိန်း ၃၀ အထက် ဈေးရှိပါ သည်။ အိမ်နီးချင်းနိုင်ငံများတွင် သာမက ကမ္ဘာ့နိုင်ငံအသီးသီးကပါ ဝယ်လိုအားရှိသော စက်မှုကုန်ကြမ်း လည်း ဖြစ်သည်။ တစ်ဖန် ရော်ဘာ တစ်အုပ်တစ်မ စိုက်ပျိုးခြင်းဖြင့် ဒေသ စိမ်းလန်းစိုပြည်ရေးကို လူလုပ် သစ်တောသဖွယ် ဆောင်ကျဉ်းပေး သည့်အတွက် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးကိုလည်း အထောက် အကူရစေပါသည်။

နိုင်ငံတော်အစိုးရ၏ အားပေး ကူညီမှု၊ သက်ဆိုင်ရာ ဝန်ကြီးဌာန၏ နည်းပညာ ပံ့ပိုးမှုနှင့် လုပ်ငန်းရှင် ကိုယ်တိုင် စိတ်ဝင်စားစွာ ပူးပေါင်း ဆောင်ရွက်မှုတို့ကြောင့် ရော်ဘာ စိုက်ခင်းကြီးများသည် သစ်တောခင်း များသဖွယ် စိမ်းစိမ်းလန်းလန်း ဖုံးလွှမ်း၍ လာချေပြီဖြစ်ပါသည်။

လယ်ယာစိုက်ပျိုးရေးနှင့် ဆည် မြောင်းဝန်ကြီးဌာနကလည်း နိုင်ငံတော် ၏ စေတနာနှင့် အားပေးကူညီမှုတို့ဖြင့် ကြိုးစားစွမ်းဆောင်ကြသော ရော်ဘာ ခြံရှင်များကို နှစ်စဉ် အောက်တိုဘာ ၁၆ ရက်တွင် ကျရောက်သည့် ကမ္ဘာ့စားနပ် ရိက္ခာနေ့ (World Food Day) တွင် ထိုက်တန်စွာ ချီးမြှင့်အသိအမှတ်ပြု ခဲ့သည်။ ရော်ဘာခြံရှင်များကိုသာမက နိုင်ငံတော်၏ စပါးနှင့် သီးနှံမျိုးစုံ စိုက် ပျိုးရေး၊ မွေးမြူရေးနှင့် သစ်တော ကဏ္ဍများတွင် ထူးချွန်စွာ ဆောင်ရွက် ကြိုးပမ်းကြသော မြို့နယ်များ၊ တောင် သူများ၊ အလုပ်သမားများ၊ လုပ်ငန်း ရှင်များကို ဆုချီးမြှင့်ပေးနေပါသည်။

ဟိုပန်မြို့နယ်တွင် စွန့်စွန့်စားစား စိတ်ပါဝင်စားစွာ ရော်ဘာများ စိုက်ပျိုး ခဲ့ပြီး အောင်မြင်ဖြစ်ထွန်းမှု ရရှိခဲ့သဖြင့် ကမ္ဘာ့စားနပ်ရိက္ခာနေ့ အထိမ်းအမှတ် ဆုအဖြစ် ခြံရှင်ဦးရှောက်ချင်း၊ ဦးကျင် ဝမ်း၊ ဦးမောင်မြင့်တို့ ရရှိခဲ့ကြသလို ယခု နှစ်တွင်လည်း ဦးကျန်ပါက ဆွတ်ခူး ရရှိခဲ့ပါသည်။ ထပ်မံ၍လည်း ရရှိရန် ကြိုး စားအားထုတ်နေကြသော လုပ်ငန်းရှင် များစွာလည်း ရှိကြပါသေးသည်။

ထို့အတွက် နိုင်ငံတော်၏ အားပေး ကူညီမှု၊ ဝန်ကြီးဌာနများ၏ ပံ့ပိုးမှုတို့ကို ရယူလျက် စိုက်ပျိုးရေးကဏ္ဍများ ဘက်စုံ ဖွံ့ဖြိုးတိုးတက်အောင် တည်ထောင်ကြပါ စို့ဟု တိုက်တွန်းလိုက်ရပါတော့သည်။ ။

ခြံ လုပ် သား များ ရော်ဘာ အ စေး ရည် စုစည်းစဉ်။

❖ကျောက်ဖြူမှ

အာရှနှင့် လက်တင်အမေရိကဒေသတို့ ၌အဖြစ်များပြားသော သွေးလွန်တုပ်ကွေး အဖျားရောဂါသည် ဗိုင်းရပ်စ်ရောဂါ တစ်မျိုးဖြစ်ပြီး Aedes aegypti ခြင် ကောင်မျိုး အကိုက်ခံရမှုကြောင့် ဖြစ်ပွား နိုင်သည်။ ကြွက်သား၊ အဆစ်အမြစ်၊ အရိုးတို့၌ အပြင်းအထန် နာကျင်တတ် လေ့ရှိသည်။

မလေးရှားနိုင်ငံတွင် ယခုနှစ် ဇန်န ဝါရီလမှ အောက်တိုဘာ လဆန်းအထိ ဖြစ်သော ကာလအတွင်း သွေးလွန် တုပ်ကွေးရောဂါကြောင့် သေဆုံးသူ ၁၁၇ ဦးရှိသည်။ယင်းမှာ လွန်ခဲ့သည့် နှစ်ကထက် ၆၅ ရာခိုင်နှုန်းမြင့်တက် လာခြင်းဖြစ်ကြောင်း ကျန်းမာရေး ဝန်ကြီးဌာန၏ စာရင်းအင်း ကိန်းဂဏန်းများ၌ ဖော်ပြသည်။

မလေးရှား သိပ္ပံပညာရှင်များသည် အစီအစဉ်အရ မျိုးဗီဇပြောင်းလဲ ထားသော ခြင်ကောင်ရေ ၂၀၀၀ မှ ၃၀၀၀ အထိ တောတွင်းသို့ လွှတ်ရန် ဆောင်ရွက်သွားမည်ဖြစ်သည်။

အင်တာနက်။



မုန်တိုင်းငယ် အနောက်မြောက်ဘက်သို့ ဆက်လက်ရွေ့လျား

နေပြည်တော် အောက်တိုဘာ ၁၄

ယနေ့နံနက် ၉ နာရီခွဲအချိန်ထိ မိုးလေဝသတိုင်းထွာချက်အကျဉ်းချုပ်

လွန်ခဲ့သော ၂၄ နာရီအတွင်းက ကချင်ပြည်နယ်တွင် တိမ်အသင့်အတင့် ဖြစ်ထွန်းခဲ့ပြီး ရှမ်းပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် စစ်ကိုင်းတိုင်းဒေသကြီးတို့တွင် နေရာကျဲကျဲ၊ ချင်းပြည်နယ်နှင့် မန္တလေးတိုင်းဒေသကြီးတို့တွင် နေရာစိပ်စပ်နှင့် ကျန်ပြည်နယ်နှင့် တိုင်းဒေသကြီးတို့တွင် နေရာအနှံ့အပြား မိုးထစ်ချုန်းရွာခဲ့ပြီး မန္တလေးတိုင်းဒေသကြီးတွင် ဒေသအလိုက်နှင့် မကွေးတိုင်းဒေသကြီးတွင် နေရာကွက်၍ မိုးကြီးခဲ့သည်။ **မှတ်သားဖွယ်ရာ မိုးရေချိန်များမှာ** မကွေးမြို့တွင် ၃ ဒသမ ၂၂ လက်မ၊ ရန်ကုန်(ကမ္ဘာအေး)တွင် ၂ ဒသမ ၈၃ လက်မ၊ ရန်ကုန်(မင်္ဂလာဒုံ)တွင် ၂ ဒသမ ၅၂ လက်မ၊ မင်းဘူးမြို့တွင် ၂ ဒသမ ၃၆ လက်မ၊ တံတားဦးမြို့တွင် ၂ ဒသမ ၀၅ လက်မ၊ ရေးမြို့တွင် ၂ ဒသမ ၀၀ လက်မနှင့် စစ်ကိုင်းမြို့တွင် ၁ ဒသမ ၂၆ လက်မတို့ ဖြစ်ကြသည်။

ဘင်္ဂလားပင်လယ်အော်အခြေအနေ။ ။ ယနေ့ မြန်မာစံတော်ချိန် ၁နာရီခွဲအချိန် တိုင်းထွာချက်များအရ ဘင်္ဂလားပင်လယ်အော် အနောက်အလယ်ပိုင်းတွင် ဖြစ်ပေါ်နေသော မုန်တိုင်းငယ်သည် အနောက်မြောက်ဘက်သို့ ဆက်လက် ရွေ့လျားနေပြီး အိန္ဒိယနိုင်ငံ ဂိုပါလ်ပူမြို့ (Gopalpur)၏ အရှေ့တောင်ဘက် မိုင် ၂၂၀ ခန့်အကွာ ပင်လယ်ပြင်ကို ဗဟိုပြုနေသည်။ အဆိုပါ မုန်တိုင်းငယ်သည် အနောက်မြောက်ဘက်သို့ ဆက်လက်ရွေ့လျားမည်ဟု ခန့်မှန်းရသည်။ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော် အနောက်အလယ်ပိုင်းတို့တွင် တိမ်ထူထပ်နေပြီး ကျန်ဘင်္ဂလားပင်လယ်အော်တွင် တိမ်အသင့်အတင့် ဖြစ်ထွန်းနေသည်။

အောက်တိုဘာ ၁၅ ရက် ညနေထိခန့်မှန်းချက်။ ။ ကချင်ပြည်နယ်တွင် နေရာကွက်ကျား၊ ရှမ်းပြည်နယ်၊ ကယားပြည်နယ်နှင့် စစ်ကိုင်းတိုင်းဒေသကြီး အောက်ပိုင်းတို့တွင် နေရာကျဲကျဲ၊ ရခိုင်ပြည်နယ်၊ စစ်ကိုင်းတိုင်းဒေသကြီး အထက်ပိုင်းနှင့် မန္တလေးတိုင်းဒေသကြီးတို့တွင် နေရာစိပ်စိပ်နှင့် ကျန်ပြည်နယ်နှင့် တိုင်းဒေသကြီးတို့တွင် နေရာအနှံ့အပြား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။

မြန်မာ့ပင်လယ်ပြင်တွင်။ ။ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန် ပင်လယ်ပြင်တို့တွင် တစ်ခါတစ်ရံ မိုးသက်လေပြင်းများကျရောက်ပြီး လှိုင်းအသင့် အတင့်မှ လှိုင်းကြီးနိုင်သည်။ မိုးသက်လေပြင်းကျစဉ် ရေပြင်မြေပြင်လေသည် တစ်နာရီလျှင် ၃၅ မိုင်မှ မိုင် ၄၀ အထိ တိုက်ခတ်နိုင်သည်။

နောက်နှစ်ရက်အတွက်ခန့်မှန်းချက်။ ။ ကမ်းရိုးတန်းဒေသများတွင် မိုးဆက်လက် ထစ်ချုန်းရွာမည်။

နေပြည်တော်နှင့် အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်း ရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။

ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့ မိုးတစ်ကြိမ်နှစ်ကြိမ် ထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။

မန္တလေးမြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။

၂၀၁၀ ခုနှစ် စက်တင်ဘာလတွင် မူးယစ်ဆေးဝါး ၂၀၇ မှု တရားခံ ၃၁၉ ဦး ဖမ်းဆီးအရေးယူခဲ့

နေပြည်တော် အောက်တိုဘာ ၁၄

၂၀၁၀ ခုနှစ် စက်တင်ဘာလအတွင်း မူးယစ်ဆေးဝါးအမှုပေါင်း ၂၀၇ မှု ဖမ်းဆီးနိုင်ခဲ့ပြီး ဘိန်း ၂၈ မှု (အလေးချိန် ၁၁ ဒသမ ၁၉၁၃ ကီလို)၊ ဘိန်းဖြူ ၅၈ မှု(အလေးချိန် သုည ဒသမ ၇၇၄၉ ကီလို)၊ ဘိန်းဆီခဲ ၁၁ မှု (အလေးချိန် ၁ ဒသမ ၄၁၁၁ ကီလို)၊ အဆင့်နိမ့်ဘိန်း ၁၇ မှု (အလေးချိန် ၇ ဒသမ ၃၆၁၁ ကီလို)၊ ဆေးခြောက် ၁၄ မှု (အလေးချိန် ၃၈ ဒသမ ၈၇၁ ကီလို)၊ စိတ်ကြွရူးသွပ်ဆေးပြား ၆၀ မှု (၃၇၉၉၁၇ပြား) ဘိန်းစာမှုနှင့် ကိုးမှု (အလေးချိန် ၁၄ ဒသမ ၅၉၉၉ ကီလို)၊ ဘိန်းရည် နှစ်မှု (အလေးချိန် သုည ဒသမ ၇၅၄၅ လစ်တာ)၊ အက်ဖီဒရင်း တစ်မှု (အလေးချိန် ၅ ဒသမ ၅ ကီလို)၊ ဓာတုဆေးရည် တစ်မှု (အလေးချိန် ၈၉၇ ဒသမ ၃၄ လစ်တာ)၊ ဓာတုဆေးမှုနှင့် အလေးချိန် ၃ ဒသမ ၂၅ ကီလို၊ အယ်ပရာဇိုလမ် တစ်မှု(၁၆၂ ပြား)၊ အိုက်(စ်) တစ်မှု (အလေးချိန် ၁ ဒသမ ၄၂ ကီလို) ကဖင်း တစ်မှု (အလေးချိန် ၁၀၀၀ ကီလို)၊ ဆူဒိုအက်ဖီဒရင်း တစ်မှု (၂၃၄၅၀၀)လုံး၊ တရာမ ဒေါလ် တစ်မှု (၁၇၀ တောင့်)၊ ချောင်းဆိုးပျောက်ဆေးရည် အလေးချိန် သုည ဒသမ သုံးလစ်တာ၊ အခြားအမှု တစ်မှု ဖမ်းဆီးရမိခဲ့ကြောင်း၊ အမှုပေါင်း ၂၀၇ မှု ဖမ်းဆီးခဲ့ရာတွင် တရားခံ ကျား ၂၇၈ ဦးနှင့် တရားခံ မ ၄၁ ဦး စုစုပေါင်း ၃၁၉ ဦးတို့ကို ဥပဒေအရ ဖမ်းဆီးအရေးယူခဲ့ကြောင်း သိရှိရသည်။ (သတင်းစဉ်)

MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

၁၅-၁၀-၂၀၁၀ (သောကြာနေ့)

AM & PM

၅း၀၀	MRTV-4 အဖွင့် Logo ပဌာန်းပါဠိတော်+ခန္ဓသုတ်၊ မောရသုတ်+ဝဋ္ဋသုတ်
၅း၂၀	MRTV-4 သတင်း
၅း၅၀	"တရားဦးဓမ္မစကြာ"တရားတော် (အပိုင်း-၉) (ဆရာတော်အရှင်ပညာ သီဟာဘိဝံသ)
၆း၅၀	**MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "လောကဝက်ပါ"(အပိုင်း-၄၄)**
၇း၃၀	MRTV-4 သတင်း
၈း၀၀	**MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "အရိပ်စစ်"(အပိုင်း-၁၁)**
၈း၅၀	Phyu Phyu Kyaw Thein Solo Concert (Part-5)
၉း၃၅	Movie Talk [မြန်မာအဆွေ(အေဝမ်း) ဦးဘညွန့်]
၉း၅၅	နတ်စင်တစ်ရာကျောင်းမှဘောဂဝတီ တန်ဆောင်းတော်နှင့်ပလ္လင်တော် များအလှူတော်
၁၀း၀၅	Activities In The City (မင်းထက်မောင်မောင်၏ "မြင်းမိုရ်မေမေ" VCD KARAOKE မိတ်ဆက်ပွဲအခမ်းအနား)
၁၀း၂၀	ပဲတီစိမ်းစိုက်တောင်သူများ အထွက်တိုးစေမှာ ဝိစာရမှ ရွှေတိုးပါဝါ
၁၀း၄၅	The Champion of Dance
၁၁း၁၅	သူတို့ဘဝသူတို့ဟာသ (သာလောင်)
၁၁း၄၀	MRTV-4 ကာတွန်းအစီအစဉ် "ဒဏ္ဍာရီထဲကဓား"(အပိုင်း-၅)
၁၂း၀၀	၂၅ မိုင်ဇုန်နဲ့ထိုင်နင်းစရာမလိုတဲ့ စက်ဘီး (မင်းရာဇာ၊ စိုးရန်အောင်၊ သီရတီ၊ ချမ်းမေမြတ်နိုး၊ ဦးစိုးနီ) [ဒါရိုက်တာ- ဒေါက်တာတင်အောင်ရွှေ (သုတေသီ)]
၁၂း၁၅	ကျန်းမာပျော်ရွှင်မီးအိမ်ရှင်ကဏ္ဍ (ဒေါက်တာနိုက်တင်ဂေးလ်နှင့် ဆွေးနွေးခန်း)
၁၂း၄၀	ဆောင်းအလှပန်းချီတေးကိုသီ
၁း၀၀	"တရားဦးဓမ္မစကြာ"တရားတော် (အပိုင်း-၉) (ဆရာတော်အရှင်ပညာ သီဟာဘိဝံသ)
၂း၀၀	MRTV-4 သတင်း
၂း၂၀	Style ရှိမှ Star ဖြစ်မယ်
၃း၁၀	နတ်စင်တစ်ရာကျောင်းမှ ဘောဂဝတီ တန်ဆောင်းတော်နှင့်ပလ္လင်တော် များအလှူတော်
၃း၂၀	**MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "လောကဝက်ပါ"(အပိုင်း-၄၄)**
၄း၀၀	**MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "အရိပ်စစ်"(အပိုင်း-၁၁)**
၄း၅၅	Activities In The City (မင်းထက်မောင်မောင်၏ "မြင်းမိုရ်မေမေ" VCD KARAOKE မိတ်ဆက်ပွဲအခမ်းအနား)
၅း၁၀	MNL Preview
၅း၃၀	MRTV-4 ကာတွန်းအစီအစဉ် "ဒဏ္ဍာရီထဲကဓား"(အပိုင်း-၅)
၆း၀၀	MRTV-4 သတင်း
၆း၂၀	Science For All (ပျက်သုဉ်းလျက်ရှိနေသော ကမ္ဘာ့အထင်ကရနေရာများ) (သိပ္ပံစာရေးဆရာကိုကိုအောင်၊ ထွန်းနေစိုး)
၆း၄၀	**MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "လောကဝက်ပါ"(အပိုင်း-၄၅)**
၇း၂၀	Phyu Phyu Kyaw Thein Solo Concert (Part-6) -ဘယ်လိုမဲပေးကြမှာလဲ (မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံးဝင်များ)
၈း၀၀	MRTV-4 သတင်း -နိုင်ငံရေးပါတီများ၏ ဟောပြောချက်အစီအစဉ်
၈း၃၀	ဂီတသရုပ်ပြခန်း (ကံ့ကော်တောမျိုးအောင်)
၈း၅၅	အနုပညာမိုးကောင်းကင်
၉း၃၀	**MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "အရိပ်စစ်"(အပိုင်း-၁၂)**
၁၀း၂၀	ဖက်ရှင်လမ်းညွှန် (မင်္ဂလာဝတ်စုံများအတွက် ခင်စန်းဝင်းရဲ့ဖန်တီးမှု)
၁၀း၃၀	သူတို့ပြောတဲ့သူတို့အကြောင်း (ဖူးစုံနှင့်တွေ့ဆုံခြင်း)
၁၁း၀၀	SGED သက်ကြီးဆရာဝန် စောင့်ရှောက်ရေး
၁၁း၁၅	၂၅ မိုင်ဇုန်နဲ့ထိုင်နင်းစရာမလိုတဲ့ စက်ဘီး (မင်းရာဇာ၊ စိုးရန်အောင်၊ သီရတီ၊ ချမ်းမေမြတ်နိုး၊ ဦးစိုးနီ) [ဒါရိုက်တာ- ဒေါက်တာတင်အောင်ရွှေ (သုတေသီ)]
၁၁း၂၅	VJ Choice
၁၁း၅၀	အမှောင်ထဲမှစွမ်းအားရှင်များ
၁၂း၀၀	World of Knowledge (Situation Critical; Miracle at Quccreek)
၁၂း၅၀	ကျန်းမာပျော်ရွှင်မီးအိမ်ရှင်ကဏ္ဍ (ဒေါက်တာနိုက်တင်ဂေးလ်နှင့် ဆွေးနွေးခန်း)
၁း၁၀	အများမြင်စရာနှစ်ပါး သဘင်မဟာ (မြို့ရွှေမန်းသားဖိုးချစ်တို့ကတဲ့ ဇာတ်အလှသဘင်) (အပိုင်း-၂)
၁း၄၅	Box Office Movies (Avator)
၂း၀၀	ဆန်းသစ်တီထွင်လာသော မြန်မာ့ရုပ်သေးအကများ
၂း၁၀	Celebrity Profile (Rain)
၂း၄၅	မျက်စိအမြင်ရှင်သန်ရေးပဏာမ မျက်စိကျန်းမာရေး စောင့်ရှောက်ပေး
၂း၅၅	ကဏ္ဍစုံလင် အားကစားအစီအစဉ်
၃း၅၅	စွမ်းရည်ထက်မြက် မြန်မာ့မျက်လှည့်
၄း၁၅	မြန်မာ့လက်မှုယွန်းအနုပညာ
၄း၄၀	ပဲတီစိမ်းစိုက်တောင်သူများ အထွက်တိုးစေမှာ ဝိစာရမှ ရွှေတိုးပါဝါ
၅း၀၀	အစီအစဉ်ပြီး။

MRTV-4 အစီအစဉ်များကို ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်၊ မန္တလေးမြို့နှင့် အနီးတစ်ဝိုက်တွင် ရိုးရိုးVHF တီဗွီအင်တင်နာဖြင့် အလွယ်တကူ ဖမ်းယူကြည့်ရှုနိုင်ပါသည်။ တောင်ကြီးမြို့နှင့်အနီးတစ်ဝိုက်တွင် UHF တီဗွီအင်တင်နာဖြင့် ဖမ်းယူကြည့်ရှုနိုင်ပါသည်။

တန်ဖိုးရှိလှ လူငယ်ဘဝ မူးယစ်ကင်းစင် ကျန်းမာမှ

ဝန်ကြီး ဦးခင်မောင်မြင့် ပြည်နယ်နှင့်တိုင်းဒေသကြီးများရှိ ခရိုင် ၆၇ ခရိုင်မှ အင်ဂျင်နီယာမှူးများနှင့် တွေ့ဆုံ၍ လုပ်ငန်းဆိုင်ရာများ မှာကြား

နေပြည်တော် အောက်တိုဘာ ၁၄

ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း ပြည်နယ်နှင့် တိုင်းဒေသကြီးများရှိ ခရိုင် ၆၇ ခရိုင်မှ ခရိုင်အင်ဂျင်နီယာမှူးများနှင့် တွေ့ဆုံပွဲအခမ်းအနားကို အောက်တိုဘာ ၁၂ ရက် မွန်းလွဲ ၂ နာရီတွင် နေပြည်တော်ရှိ အဆိုပါဝန်ကြီးဌာန အစည်းအဝေးခန်းမဆောင်၌ ကျင်းပရာ ဆောက်လုပ်ရေးဝန်ကြီးဌာန ဝန်ကြီး ဦးခင်မောင်မြင့်၊ ဒုတိယဝန်ကြီးများဖြစ်ကြသည့် ဦးတင့်ဆွေနှင့် ဦးမြင့်သိန်း၊ ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းနှင့် မြို့ရွာနှင့် အိုးအိမ်ဖွံ့ဖြိုးရေး ဦးစီးဌာနတို့မှ ဌာနဆိုင်ရာအကြီးအကဲများနှင့် ပြည်နယ်နှင့်တိုင်းဒေသကြီးများရှိ ခရိုင် ၆၇ ခရိုင်မှ ခရိုင်အင်ဂျင်နီယာမှူးများ တက်ရောက်ကြသည်။

ရှေးဦးစွာ ဝန်ကြီး ဦးခင်မောင်မြင့်က အဖွင့်အမှာစကားပြောကြားရာတွင် တိုင်းဒေသကြီးနှင့် ပြည်နယ်/ခရိုင် အင်ဂျင်နီယာမှူးများအနေဖြင့် မိမိတို့ခရိုင်အတွင်းရှိ လမ်း၊ တံတားများကို တိုးတက်ပြုပြင်ထိန်းသိမ်းခြင်းလုပ်ငန်းများ စဉ်ဆက်မပြတ် ဆက်လက်ဆောင်ရွက်သွားရန်လိုကြောင်း၊ ရန်ပုံငွေသုံးစွဲရာတွင် လုပ်ထုံးလုပ်နည်းနှင့်အညီ စနစ်တကျ သုံးစွဲရန်၊ ကတ္တရာများကို လိုအပ်သည့်လုပ်ငန်းခွင်အရောက် အမြန်ပေးပို့ရန်၊ ရိုးမဖြတ်ကျော်လမ်း ခုနစ်လမ်းကိုလည်း အထူးအလေးထား ဆောင်ရွက်သွားရန်၊ လမ်း၊ တံတား တည်ဆောက်ရေးလုပ်ငန်းများကို သတ်မှတ်စံချိန်စံညွှန်းနှင့်အညီ ဆောင်ရွက်သွားရန်နှင့် လုပ်ငန်းပိုင်းဆိုင်ရာကိစ္စများဖြစ်သည့် စီမံ၊ ဘဏ္ဍာ၊ ပစ္စည်း၊ အင်ဂျင်နီယာပိုင်းဆိုင်ရာ ကိစ္စများကို စနစ်တကျ ဆောင်ရွက်သွားရန်တို့ကို မှာကြားသည်။ **(အပေါ်ပုံ)**

ထို့နောက် ဒုတိယဝန်ကြီး ဦးတင့်ဆွေက အင်ဂျင်နီယာပိုင်းဆိုင်ရာ လုပ်ငန်းကိစ္စရပ်များနှင့် စပ်လျဉ်း၍ လည်းကောင်း၊ ဒုတိယဝန်ကြီး ဦးမြင့်သိန်းက လမ်း၊ တံတားလုပ်ငန်းများအတွက် စက်၊ယာဉ်၊ ယန္တရားများသည် အဓိကကျသည့်အတွက် စနစ်တကျ အသုံးပြုရန်နှင့် လမ်းအရည်အသွေး ကွပ်ကဲခြင်းလုပ်ငန်းများကို ဆောင်ရွက်သွားရန်တို့ကို လည်းကောင်း ဆွေးနွေးပြောကြားကြသည်။

ယင်းနောက် ဆောက်လုပ်ရေးဝန်ကြီးဌာနမှ အထူးအရာရှိ၊ ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူးနှင့် ဌာနဆိုင်ရာတာဝန်ရှိသူတို့က ခရိုင်အင်ဂျင်နီယာမှူးများအနေဖြင့် လုပ်ငန်းဆောင်ရွက်ရာတွင် လိုက်နာဆောင်ရွက်ရမည့် စည်းမျဉ်းစည်းကမ်းများ၊ လုပ်ထုံးလုပ်နည်းများနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြကြပြီး ဝန်ကြီးက နိဂုံးချုပ် အမှာစကားပြောကြားခဲ့ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

ကိုယ်ပွားသတင်းစာတိုက်(တောင်ကြီး) နှစ်ပတ်လည်နေ့ ကျင်းပ

တောင်ကြီး အောက်တိုဘာ ၁၄

သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း ကိုယ်ပွားသတင်းစာတိုက်(တောင်ကြီး)၏ (၉)နှစ်ပြည့် နှစ်ပတ်လည်နေ့ အခမ်းအနားကို အောက်တိုဘာ ၁ ရက် နံနက် ၁၀ နာရီတွင် အဆိုပါသတင်းစာတိုက်၌ ကျင်းပရာ စာတည်း(တာဝန်ခံအရာရှိ) ဦးနိုင်ထွန်းနှင့် ဝန်ထမ်းများ တက်ရောက်ကြသည်။ ရှေးဦးစွာ တာဝန်ခံအရာရှိက နှစ်ပတ်လည်နေ့ ကျင်းပရသည့်အကြောင်းနှင့် ဌာနစွမ်းရည် တိုးတက်ရေးအတွက် ဝန်ကြီးဌာနမှ ညွှန်ကြားချက်များအတိုင်း နိုးကြားကြိုးစားလုပ်ဆောင်ရန် မှာကြားသည်။ ယင်းနောက် ရုံးချုပ်မှ ပေးအပ်သည့် ဝန်ထမ်းတူညီဝတ်စုံများနှင့်ကံစမ်းမဲများဖောက်ပေးပြီး တစ်ဦးချင်း ပေးအပ်ခဲ့ကြောင်း သိရသည်။

(ကြေးမုံ)

အမျိုးသားအဆင့် အားကစားစီမံခန့်ခွဲသူများသင်တန်းဖွင့် ပြည်နယ်နှင့်တိုင်းဒေသကြီး စစ်တုရင်ပြိုင်ပွဲနှင့် ဝူရှူးပြိုင်ပွဲ ဆုချီးမြှင့်

ရန်ကုန် အောက်တိုဘာ ၁၄

အပြည်ပြည်ဆိုင်ရာ အိုလံပစ်ကော်မတီ အိုလံပစ်ညီညွတ်ရေးအစီအစဉ်အရ ဖွင့်လှစ်သည့် အမျိုးသားအဆင့် အားကစားစီမံခန့်ခွဲသူများသင်တန်း (၃/၂၀၁၀)သင်တန်းဖွင့်ပွဲအခမ်းအနားကို အောက်တိုဘာ ၁၁ရက် နံနက် ၈ နာရီတွင် ရန်ကုန်မြို့ အမျိုးသားအားကစားပြိုင်ပွဲရုံ(၁) သုဝဏ္ဏ၌ ကျင်းပရာ အခမ်းအနားသို့ မြန်မာနိုင်ငံ အိုလံပစ်ကော်မတီဥက္ကဋ္ဌ အားကစားဝန်ကြီးဌာန ဝန်ကြီးကိုယ်စား မြန်မာနိုင်ငံ အိုလံပစ်ကော်မတီ အထွေထွေအတွင်းရေးမှူး အားကစားနှင့်ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးသောင်းထိုက်၊ အားကစားဝန်ကြီးဌာနမှ တာဝန်ရှိသူများ၊ မြန်မာနိုင်ငံ အိုလံပစ်ကော်မတီဝင်များနှင့် သင်တန်းသား၊ သင်တန်းသူများ တက်ရောက်ကြသည်။

အစီအစဉ်အရ မြန်မာနိုင်ငံ အိုလံပစ်ကော်မတီ အထွေထွေအတွင်းရေးမှူး အားကစားနှင့် ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးသောင်းထိုက်က သင်တန်းဖွင့်အမှာစကားပြောကြားသည်။

အဆိုပါအခမ်းအနားသို့ သင်တန်းသား ၂၀ တို့ တက်ရောက်လျက်ရှိပြီး သင်တန်းကို အောက်တိုဘာ ၁၁ ရက်မှ ၁၅ ရက်အထိ ဖွင့်လှစ်သင်ကြားမည်ဖြစ်သည်။

ဆက်လက်၍ ညွှန်ကြားရေးမှူးချုပ်သည် နံနက် ၉ နာရီတွင် ရန်ကုန်မြို့ အောင်ဆန်းကစားပြိုင်ဝင်း မိုးလုံလေလုံအားကစားရုံ၌ ကျင်းပသော ၂၀၁၀ခုနှစ် (၃၅)ကြိမ်မြောက် ပြည်နယ်နှင့်တိုင်းဒေသကြီး စစ်တုရင်ပြိုင်ပွဲ ဆုချီးမြှင့်ပွဲ အခမ်းအနားသို့ တက်ရောက်ရာ အစီအစဉ်အရ MGB Business Group မန်နေဂျင်းဒါရိုက်တာ ဦးသန်းထွေးက ငွေကျပ်သိန်း ၃၀၊ MGW ဆောက်လုပ်ရေးကုမ္ပဏီလီမိတက်ဥက္ကဋ္ဌ ဦးဝင်းအောင်က ငွေကျပ် ၁၀ သိန်းနှင့် Future Engineering ကုမ္ပဏီလီမိတက် မန်နေဂျင်းဒါရိုက်တာ ဦးဝင်းအောင်က ငွေကျပ် ငါးသိန်းတို့ကို မြန်မာနိုင်ငံ စစ်တုရင်အဖွဲ့ချုပ်သို့ ပေးအပ်လှူဒါန်းကြရာ ဥက္ကဋ္ဌ ဦးမောင်မောင်လွင်က လက်ခံသည်။

ယင်းနောက် မြန်မာ့ရိုးရာစစ်တုရင် တစ်ဦးချင်း တံခွန်စိုက်ပြိုင်ပွဲ၊ Fischer Random Chess စစ်တုရင်ပြိုင်ပွဲ၊ အပြည်ပြည်ဆိုင်ရာ အသက်(၁၈)နှစ်အောက်၊အသက်(၂၀)နှစ်အောက် လူငယ်တစ်ဦးချင်းပြိုင်ပွဲ၊ အပြည်ပြည်ဆိုင်ရာ စစ်တုရင် လူငယ်အသင်းလိုက်ပြိုင်ပွဲ၊ မြန်မာ့ရိုးရာ စစ်တုရင်အသင်းလိုက်ပြိုင်ပွဲနှင့် အပြည်ပြည်ဆိုင်ရာ စစ်တုရင်အလွတ်တန်း အသင်းလိုက်ပြိုင်ပွဲတို့တွင် ဆုရရှိကြသူများ၊ မြန်မာ့ရိုးရာ စစ်တုရင် တစ်ဦးချင်းကစားခုံဆုနှင့် အပြည်ပြည်ဆိုင်ရာ စစ်တုရင်တစ်ဦးချင်း ကစားခုံဆုရရှိသူများအား အားကစားဝန်ကြီးဌာနနှင့် မြန်မာနိုင်ငံ စစ်တုရင်အဖွဲ့ချုပ်တို့မှ တာဝန်ရှိသူများက ဆုများကို ပေးအပ်ချီးမြှင့်ကြသည်။

ထို့နောက် ညွှန်ကြားရေးမှူးချုပ် ဦးသောင်းထိုက်က အပြည်ပြည်ဆိုင်ရာ စစ်တုရင်လူငယ်အသင်းလိုက် တံခွန်စိုက်ဒိုင်းဆုရရှိသော စစ်ကိုင်းတိုင်းဒေသကြီးအသင်း၊ မြန်မာ့ရိုးရာ စစ်တုရင်အသင်းလိုက် တံခွန်စိုက်ဒိုင်းဆုရရှိသော ရန်ကုန်တိုင်းဒေသကြီးအသင်း၊ အပြည်ပြည်ဆိုင်ရာ စစ်တုရင်အလွတ်တန်း အသင်းလိုက် တံခွန်စိုက်ဒိုင်းဆုရရှိသော ရန်ကုန်တိုင်းဒေသကြီးအသင်းနှင့် စွယ်စုံတံခွန်စိုက်ဒိုင်းဆုရရှိသော ရန်ကုန်တိုင်းဒေသကြီးအသင်းတို့အား တံခွန်စိုက်ဒိုင်းဆုနှင့် ဆင့်ပွားဒိုင်းဆုများကို ပေးအပ်ချီးမြှင့်သည်။

ယင်းနောက် ညွှန်ကြားရေးမှူးချုပ်သည် နံနက် ၁၀ နာရီတွင် ရန်ကုန်မြို့ အမျိုးသားအားကစားပြိုင်ပွဲရုံ(၁) သုဝဏ္ဏ၌ ကျင်းပသော ၂၀၁၀ ခုနှစ် ပဉ္စမအကြိမ်မြောက် ပြည်နယ်နှင့်တိုင်းဒေသကြီး ဝူရှူးပြိုင်ပွဲ ဆုချီးမြှင့်ပွဲအခမ်းအနားသို့ တက်ရောက်ရာ ဆုချီးမြှင့်ပွဲအခမ်းအနားတွင် ဆုရရှိကြသူများအား အားကစားဝန်ကြီးဌာနနှင့် မြန်မာနိုင်ငံ ဝူရှူးအဖွဲ့ချုပ်တို့မှ တာဝန်ရှိသူများက ဆုများကို ပေးအပ်ချီးမြှင့်ကြပြီး ညွှန်ကြားရေးမှူးချုပ်က ရွှေတံဆိပ်လေးခု၊ ငွေတံဆိပ်သုံးခု၊ ကြေးတံဆိပ်နှစ်ခုဖြင့် ဆန်းဆို တံခွန်စိုက်ဒိုင်းဆုရရှိသော မန္တလေးတိုင်းဒေသကြီးအသင်း၊ ရွှေတံဆိပ် ၁၄ခု၊ ငွေတံဆိပ်လေးခု၊ ကြေးတံဆိပ်နှစ်ခုဖြင့် ထောက်လုတံခွန်စိုက်ဒိုင်းဆုရရှိသော ရန်ကုန်တိုင်းဒေသကြီးအသင်းနှင့် ရွှေတံဆိပ် ၁၈ ခု၊ ငွေတံဆိပ် ၁၀ခု၊ ကြေးတံဆိပ်လေးခုဖြင့် စွယ်စုံတံခွန်စိုက်ဒိုင်းဆုရရှိသော ရန်ကုန်တိုင်းဒေသကြီးအသင်းတို့အား တံခွန်စိုက်ဒိုင်းဆုနှင့်ဆင့်ပွားဒိုင်းဆုများကို ပေးအပ်ချီးမြှင့်ခဲ့ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

(၃၅)ကြိမ်မြောက် ပြည်နယ်နှင့် တိုင်းဒေသကြီး စစ်တုရင်ပြိုင်ပွဲတွင် တံခွန်စိုက်ဒိုင်းဆုရ ရန်ကုန်တိုင်းဒေသကြီးအသင်းအား မြန်မာနိုင်ငံ အိုလံပစ်ကော်မတီ အထွေထွေ အတွင်းရေးမှူး အားကစားနှင့်ကာယ ပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးသောင်းထိုက် ဒိုင်းဆုချီးမြှင့်စဉ်။
(မြန်မာနိုင်ငံစစ်တုရင်အဖွဲ့ချုပ်)

အလက(၂)တာမွေ အငှမအကြိမ် မြတ်ဆရာပူဇော်မည်

ရန်ကုန် အောက်တိုဘာ ၁၄

အလက(၂)တာမွေ၏ အငှမအကြိမ်မြောက် အာစရိယပူဇော်ပွဲကို ဒီဇင်ဘာ ၅ ရက် (တနင်္ဂနွေနေ့) နံနက် ၁၀ နာရီတွင် ကျောင်းခန်းမဆောင်၌ ကျင်းပမည်ဖြစ်ရာ ဆက်သွယ်လှူဒါန်းလိုသူများသည် ဆရာ ဦးငွေစိုး ဖုန်း-၀၉-၅၁၅၅၈၄၇၊ ဆရာ ဦးရဲလွင် ဖုန်း-၅၄၅၃၈၀ အလက(၂) တာမွေ၊ ဆရာ ဦးရဲထွဋ်ရှိ ဖုန်း-၅၄၆၉၄၆(မိုးနည်းပြ)၊ ဦးမြင့်ဦး (အိတုံစတိုး) ဖုန်း-၀၉-၅၀၂၂၁၁၄၊ ဒေါ်ကျင်ဝင်း ဖုန်း-၇၃၀၅၅၅၂၄၊ ဦးမောင်ကြည်-ဒေါ်နွဲ့ ဖုန်း-၇၃၀၀၆၂၀၉၊ ဦးစိုးပိုင် ဖုန်း-၀၉-၅၁၅၄၆၈၇၊ ဦးရာဇာဝင်း ဖုန်း-၀၁-၇၃၁၀၅၇၇၁၊ ဦးညီညီလွင် ဖုန်း-၀၉-၅၀၂၉၄၈၂၊ ဦးတိုးအောင် ဖုန်း-၇၃၀၈၁၂၈၉၊ ဦးစိန်လွင် ဖုန်း-၀၉-၅၀၁၇၁၉၂၊ ဦးနိုင်ဝင်းအောင် ဖုန်း-၀၉-၅၀၇၅၄၂၀ နှင့် နီးစပ်ရာ အမှုဆောင်များထံ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ (ကြေးမုံ)

ဗလငါးတန် ဖွံ့ဖြိုးဖို့ စာအုပ်စာပေ လေ့လာစို့

အမြို့မြို့အနယ်နယ်တွင် သာယာစည်ပင်

လပွတ္တာမြို့နယ် စည်ပင်သာယာရေးအဖွဲ့မှ မြို့ရေပေးရေးအတွက် ဂါလန် ၃၀၀၀ ဆံ့ အုတ်ရေကန် တည်ဆောက်ခြင်းလုပ်ငန်းကို တာဝန်ရှိသူများ စစ်ဆေးစဉ်။ (မြို့နယ်စည်ပင်)

မြောင်းမြမြို့နယ် စည်ပင်သာယာရေးအဖွဲ့က မြို့သန့်ရှင်းသာယာလှပစေရေးအတွက် အဖွဲ့ပိုင် မြေတူးစက်ဖြင့် ရေနုတ်မြောင်းများ တူးဖော်ဆောင်ရွက်ကြစဉ်။ (မြို့နယ်စည်ပင်)

ကောလင်းမြို့ လမ်းမကြီးများဘေး ပေါင်းမြက်၊ ချုံနွယ်များ အထူးသန့်ရှင်းရေးကို စက်တင်ဘာ ၂၈ ရက်က စည်ပင်သာယာရေးအဖွဲ့ဝန်ထမ်းများ စုပေါင်းဆောင်ရွက်ကြစဉ်။ (မြို့နယ်စည်ပင်)

ပဲခူးတိုင်းဒေသကြီး စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးတင်ဝင်းနှင့်အဖွဲ့ အောက်တိုဘာ ၇ရက်က ရေတာရှည်မြို့နယ် သာဂရဈေး မီးဘေးလုံခြုံရေးအတွက် ရေပေးရေးလုပ်ငန်း ဆောင်ရွက်ထားရှိမှုကို ကွင်းဆင်းစစ်ဆေးစဉ်။ (မြို့နယ်စည်ပင်)

ရန်ကုန်တိုင်းဒေသကြီး စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးအောင်ကျော်ငြိမ်း အောက်တိုဘာ ၃ ရက်က တိုက်ကြီးမြို့နယ် စည်ပင်သာယာရေးအဖွဲ့ပိုင် ပျိုးဥယျာဉ်အတွင်း ပျိုးပင်များ ပျိုးထောင်ထားရှိမှု အခြေအနေကို ကွင်းဆင်းစစ်ဆေးရာ အဖွဲ့အမှုဆောင်အရာရှိ သူရဦးမြင့်သူ ရှင်းလင်းပြသစဉ်။ (မြို့နယ်စည်ပင်)

ဗုဒ္ဓသပိတ်တော်စာအုပ် ထွက်ရှိ

ရန်ကုန် အောက်တိုဘာ ၁၄

ဗုဒ္ဓမြတ်စွာဘုရား၏ သပိတ်တော်အကြောင်းကို စာရေးသူ ဦးစိုးမောင်(သာဂရ) မြန်မာ့အလင်းအယ်ဒီတာချုပ်(ငြိမ်း)က ပြည့်စုံစွာ ရေးသားထားသည့်စာအုပ်ကို ဒုတိယအကြိမ် ထုတ်ဝေဖြန့်ချိလိုက်ပြီဖြစ်သည်။**(ယာပုံ)**

အချက်အလက်ပြည့်စုံ

ဗုဒ္ဓသပိတ်တော်နှင့်ပတ်သက်သည့် အချက်အလက်များ ပြည့်ပြည့်စုံစုံ ရေးသားထားသောစာအုပ်ဖြစ်ကာ မြတ်စွာဘုရားရှင်ကိုယ်တော်မြတ်ကြီး သပိတ် ဘယ်နှလုံးသုံးခဲ့ပါလဲ၊ သုံးခဲ့သော ဗုဒ္ဓသပိတ်တော်ကို မည်သည့်အချိန်ကာလမှစတင်၍ အလှူခံရရှိခဲ့သနည်း၊ မည်သည့်ပုဂ္ဂိုလ်များက ဗုဒ္ဓအား သပိတ်တော်ကို လှူခဲ့သနည်း၊ ဗုဒ္ဓသက်တော်ထင်ရှားရှိတော်မူစဉ်အချိန်က သပိတ်တော်ကို မည်သို့များ ထူးခြားစွာ သုံးစွဲခဲ့သနည်း၊ ဗုဒ္ဓပရိနိဗ္ဗာန်ပြုတော်မူသောအချိန်နှင့် နောက်ပိုင်းတွင် သပိတ်တော်သည် မည်သည့်နေရာတွင် ရောက်ခဲ့သနည်း၊ သပိတ်တော်၏ တန်ခိုးက္ကဒ္ဓိပါဒ်ကား မည်သို့ရှိသနည်း၊ သပိတ်တော်ကို ဘယ်သူများဖူးတွေ့ခဲ့ရသနည်း စသည့် မေးခွန်းများ၏ အဖြေများတွေ့ရှိကာ စိတ်ဝင်စားလာဖွယ်ရှိမည်ဖြစ်သည်။

ဗုဒ္ဓလောင်းလျာသည် ရာဇဂြိုဟ်ပြည်တွင်း၌ ဆွမ်းအလို့ငှာ အလှူခံကြွလျှင် ထည့်ယူရန် ကရဝီရသစ်ရွက်များကို ပေါင်းစပ်၍ သပိတ်တော်ပြုလုပ်တော်မူကြောင်းနှင့် နတ်မင်းကြီးလေးပါးလှူသော ကျောက်ညိုသပိတ်ကို မြတ်စွာဘုရားရှင်ကိုယ်တော်မြတ်ကြီး ပရိနိဗ္ဗာန်ပြုသောအချိန်ထိ အသုံးပြု၊ မပြု၊ ဗုဒ္ဓအဖြစ်သို့ ရောက်တော်မူ၍ ပရိနိဗ္ဗာန်ပြုတော်မူသောအချိန်အထိ ဆွမ်းရရန်အလို့ငှာ ကိုင်စွဲအသုံးပြုသောသပိတ်တော် စတင်ရရှိသည့်နေ့သည် လေးဆူဓာတ်ပုံ ရွှေတိဂုံစေတီတော်၏ သမိုင်းဖြစ်စဉ်နှင့် ဆက်စပ်မှုရှိပုံ၊ ရွှေတိဂုံစေတီတော်၏ သမိုင်းအစ ဗုဒ္ဓ၏သပိတ်တော်ဖြစ်ထွန်းပေါ်ပေါက်လာသည့် သပိတ်တော်သမိုင်းအစဟုဆိုနိုင်ပုံ စသည်ဖြင့် ဤစာအုပ်တွင် အပြည့်အစုံ ရေးသားဖော်ပြထားသည်။

နောက်ဆုံးတွင် မြတ်စွာဘုရားရှင်ကိုယ်တော်မြတ်ကြီး၏ သပိတ်တော်သည် ဘယ်နေရာ၊ ဘယ်ဌာနတွင် သီတင်းသုံးနေမည်ကို မှန်းဆကြည်ညိုပွားများလျက် ဗုဒ္ဓမြတ်စွာသာသနာတော်ကို တစိမ့်စိမ့် ကြည်ညိုပွားများနိုင်မည်ဖြစ်သည်။

ဗုဒ္ဓသပိတ်တော်စာအုပ်ကို ဖူဂျီယာမစာအုပ်တိုက်မှ ထုတ်ဝေ၍ တစ်ပြည်လုံးသို့ ဖြန့်ချိလျက်ရှိရာ အမှတ်(၇၂) တာဝတိံသာလမ်း ပုဇွန်တောင်မြို့နယ်

ဖုန်း-၀၁-၇၅၀၃၇၅နှင့် ၀၉-၅၀၇၈၄၀၆ တို့သို့ ဆက်သွယ်မှာယူနိုင်ကြောင်း သိရသည်။ (သတင်းစဉ်)

နိုင်ငံတကာအားကစားသတင်း



ချယ်လ်ဆီးမှ ဘီနာယောင် ခြောက်လနားရမည်

လန်ဒန် အောက်တိုဘာ ၁၄

ချယ်လ်ဆီးအသင်းမှ အစ္စရေးအသင်းခေါင်းဆောင် ဘီနာယောင်သည် အစ္စရေးအသင်း၏ လေ့ကျင့်ရေးကွင်းတွင် ဖနောင့်ကြောဒဏ်ရာ ရရှိခဲ့သည်။ ယင်းဒဏ်ရာမှာ ခွဲစိတ်ကုသမှုခံယူရမည်ဖြစ်၍ ဘီနာယောင်မှာ နောက်ထပ်ခြောက်လခန့် ချယ်လ်ဆီးအသင်းတွင် ပါဝင်နိုင်တော့မည်မဟုတ်ပေ။

အဆိုပါ ခွဲစိတ်ကုသမှုကို လာမည့်တနင်္လာနေ့တွင် ပြုလုပ်မည်ဖြစ်သည်။ ဘီနာယောင်သည် ချယ်လ်ဆီးအတွက် နောက်ဆုံးပါဝင်ကစားပေးခဲ့သည့်ပွဲမှာ စက်တင်ဘာ ၂၂ ရက်က နယူးကာဆယ်နှင့်ကစားခဲ့ရသည့် ကားလင်းဖလားပွဲပင်ဖြစ်သည်။ ယခုအခါ ဘီနာယောင်မှာ ချယ်လ်ဆီးအသင်းသို့ ပြန်လည်ရောက်ရှိနေပြီဖြစ်သည်။ ***အင်တာနက်။***

ခြောက်လကြာ အနားယူရမည့် ချယ်လ်ဆီး ကွင်းလယ်ကစားသမား ဘီနာယောင်။

ဝင်းတင်(ကြေးမုံ)

လီဗာပူးအသင်း ဒဏ်ရာပြဿနာများ ထပ်မံကြုံတွေ့

လန်ဒန် အောက်တိုဘာ ၁၄

ပရီမီယာလိဂ်ပွဲစဉ်(၇) အပြီးတွင် တစ်ပွဲနိုင်၊ သုံးပွဲသရေ၊ သုံးပွဲရှုံး ရမှတ်ခြောက်မှတ်ဖြင့် အမှတ်ပေးဇယား အဆင့်(၁၈)တွင် ရပ်တည်နေသည့် လီဗာပူးအသင်းသည် ယခုအချိန်တွင် ကစားသမားများ ဒဏ်ရာပြဿနာများဖြင့် ထပ်မံကြုံတွေ့နေရပြန်သည်။

တိုက်စစ်ပိုင်းတွင် ကစားအားကောင်းပြီး တစ်ဖက်နောက်တန်းကို မွှေနှောက်ကစားနိုင်သည့် ဒရက်ကောက်မှာ အောက်တိုဘာ ၁၂ ရက်က ဆွီဒင်အသင်းကို လေးဂိုး-တစ်ဂိုးဖြင့် အနိုင်ရရှိခဲ့သည့် ၂၀၁၂ ဥရောပဖလား ခြေစစ်ပွဲတွင် မိခင်နိုင်ငံအသင်း နယ်သာလန်တွင် ပါဝင်ကစားခဲ့သည်။ ယင်းပွဲတွင် ဒရက်ကောက်မှာ ပထမပိုင်းပွဲချိန် ၂၉ မိနစ်တွင် ခြေချင်းဝတ်ဒဏ်ရာ ရရှိခဲ့သည်။ ဒရက်ကောက်၏ ဒဏ်ရာအခြေအနေကို အတိအကျ မသိရသေးသော်လည်း အောက်တိုဘာ ၁၇ ရက်(တနင်္ဂနွေနေ့)တွင် အဲဗာတန်နှင့်ကစားရမည့် အဝေးကွင်းပွဲ၌ ပါဝင်နိုင်မည်မဟုတ်ဟု ဆိုသည်။

ယင်းပြင် ဒိန်းမတ်မှ လီဗာပူးအသင်း၏ နောက်ခံကစားသမား အသက်(၂၅)နှစ်ရှိ အဂ္ဂါမှာလည်း အောက်တိုဘာ ၁၂ရက်က ဆိုက်ပရပ်စ်ကို နှစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရရှိခဲ့သည့် ၂၀၁၂ ဥရောပဖလား ခြေစစ်ပွဲတွင် ပေါင်ခြံဒဏ်ရာရရှိခဲ့သည်။ ယခုအချိန်တွင် လီဗာပူးအသင်း၏ ပိုင်ရှင်သစ် ပြောင်းလဲရေးကိစ္စမှာလည်း ရှုပ်ထွေးလျက်ရှိနေသည်။ ဤကဲ့သို့ ကွင်းတွင်း၊ ကွင်းပြင်ပြဿနာပေါင်းစုံဖြင့် ရင်ဆိုင်နေရသည့် လီဗာပူးမှာ တစ်ချိန်က လိဒ်ယူနိုက်တက်ကဲ့သို့ပင် တန်းဆင်းသွားရလေမည်လားဟုပင် သံသယရှိစရာပင် ဖြစ်လာခဲ့ပြီဖြစ်သည်။

အင်တာနက်။

ငွေကျားတိုက် ၏ သီတင်းကျွတ်အထူး အစီအစဉ်!

အလှဆင်မီးပန်းဆိုင်းနှင့် လျှပ်စစ်ပစ္စည်းအမျိုးမျိုး အရောင်းပြခန်း

မီးဆိုင်းဝယ်ယူသည့် တန်ဖိုးများအလိုက် (%) များနဲ့အတူ လက်ဆောင်ပစ္စည်းများအနေ ဖြင့်

wall Lamp, Table Lamp ,Stand Lamp, Philips မီးပူ၊ ထမင်းပေါင်းအိုးများကို

အထူးလက်ဆောင်ပေးနေပါသည်။

Special Promotion

Oct 5th To Oct 20th

ကျပ်တစ်သိန်းဖိုး ဝယ်ယူသူတိုင်း ကံစမ်းမဲ ကူပွန်တစ်စောင်ယူ၍ ကံစမ်းနိုင်ပါသည်

YANGON 01-501622,535694,205224.

MANDALAY 02-60810,65938,34021,66373

ဇေသိဝန် ဝပ်ယော့အကြောင်းပြေဆေး

Reg No - 0510 YR 005459

☎ - 01-510617, 510367

နှင်းရတနာသန့်(ပုသိမ်)

အိမ်-ခြံ-မြေနှင့် အထွေထွေအကျိုးဆောင်လုပ်ငန်း

အမှတ်(၁၈) ရွှေပြည်သာဈေး အပေါ်ထပ်၊ ကုန်သည်လမ်း၊ ပုသိမ်

ဖုန်း - ၀၉ ၈၆၀-၂၇၉၄/၀၉၈၆၀-၀၃၄၀

ဖုန်း - ၀၉ ၄၉၇၁၆၉၀၆/၀၉ ၄၉၇၁ ၈၃၀၃

❑ တည်ငြိမ်အေးချမ်းမှ တိုင်းပြည် ဖွံ့ဖြိုးတိုးတက်မည်။
❑ တည်ငြိမ်အေးချမ်းမှ ဒီမိုကရေစီ ဖော်ဆောင်အောင်မြင်နိုင်မည်။

❑ မင်းမဲ့စရိုက်ဖြင့် ဒီမိုကရေစီမရနိုင်။
❑ ဆူပူမှုဖြင့် ဒီမိုကရေစီမရနိုင်။
❑ အခြေခံဥပဒေဖြင့်သာ ဒီမိုကရေစီရနိုင်သည်။

ပြည်သူ့ဆန္ဒသဘောထား

☆ တည်ငြိမ်အေးချမ်းမှုကို လိုလားသည်။
☆ ဖွံ့ဖြိုးတိုးတက်မှုကို လိုလားသည်။
☆ ဆူပူအကြမ်းဖက်မှုကို မလိုလား။
☆ ဆူပူအကြမ်းဖက်မှု ဖန်တီးသူများ - ဝိုင်းဝန်းဖယ်ရှား။

☆ VOA, BBC - ရန်တိုက်ပေးနေသည်။
☆ RFA, DVB - သွေးထိုးနေသည်။
☆ ခလောက်ဆန် အကောက်ကြံ
လေလှိုင်းသံ လူသတ်သမား-
နားမယောင်လေနဲ့ သတိထား။

ခြင်နှိမ်နင်းရေးလုပ်ငန်း၌ ပါဝင်လှုပ်ရှားနေသော ကျန်းမာရေးလုပ်သားတစ်ဦးကို တွေ့ရစဉ်။
(ဓာတ်ပုံ-အင်တာနက်)

မျိုးဗီဇပြောင်းလဲထားသော ခြင်များကို အသုံးပြု၍ သွေးလွန်တုပ်ကွေးရောဂါတိုက်ဖျက်ရန် မလေးရှားစီစဉ်

ကျန်းမာရေးသိပ္ပံ
အင်တာနက်သတင်း
ဘာသာပြန်-သတင်းလုလင်

ပူထရာဂျာရား အောက်တိုဘာ ၁၄

မလေးရှားနိုင်ငံသည် မျိုးဗီဇပြောင်းလဲထားသောခြင်များကို အသုံးပြုကာ သွေးလွန်တုပ်ကွေးရောဂါကို တိုက်ဖျက်သွားရန် အစီအစဉ်တစ်ရပ် ရေးဆွဲထားကြောင်း ဝန်ကြီးချုပ် နာဂျစ်ရာဇတ်၏ ပြောကြားချက်ကို ကိုးကားလျက် ဘနားမားသတင်းဌာနက အောက်တိုဘာ ၁၃ ရက်တွင် သတင်းထုတ်ပြန်သည်။

မလေးရှားနိုင်ငံသည် အာရှတိုက်တွင် မျိုးဗီဇပြောင်းလဲထားသော ခြင်များဖြင့် သွေးလွန်တုပ်ကွေးရောဂါကို တိုက်ဖျက်သည့် ပထမဆုံးနိုင်ငံဖြစ်လာသည်။

မျိုးရိုးဗီဇအင်ဂျင်နီယာ နည်းပညာဖြင့် ဓာတ်ခွဲခန်းအတွင်း ခြင်များကို မျိုးဗီဇပြောင်းလဲကာ ယင်းခြင်များကို တောတွင်းသို့ ပြန်လည်လွှတ်ပေးမည်ဖြစ်သည်။

မျိုးဗီဇပြောင်းလဲထားသောခြင်များသည် ခြင်ထီးများဖြစ်ပြီး တောတွင်း၌ ခြင်မများနှင့် မိတ်လိုက်ခြင်းဖြင့် သက်တမ်းတိုတောင်းသော မျိုးဆက်သစ်ခြင်များကို ပေါက်ပွားစေမည်ဖြစ်သည်။ မျိုးဆက်သစ်ခြင်များသည် အသက်တိုခြင်းဖြင့် ခြင်ကောင်ရေကို လျှော့ချပေးလာနိုင်မည်ဟု သိပ္ပံပညာရှင်များက မျှော်လင့်ကြသည်။

မလေးရှားနိုင်ငံ၏ သွေးလွန်တုပ်ကွေးရောဂါတိုက်ဖျက်ရေးစီမံကိန်း အောင်မြင်မှုရရှိမည်ဟု မိမိမျှော်လင့်ကြောင်း ဝန်ကြီးချုပ် နာဂျစ်ရာဇတ်က ကမ္ဘာ့ကျန်းမာရေးအဖွဲ့ညီလာခံ ကျင်းပချိန်ကာလအတွင်း သတင်းထောက်များအား ပြောကြားသည်။

စာမျက်နှာ ၉ ကော်လံ ၅ သို့❖

ဘင်္ဂလားပင်လယ်အော်ရှိ မုန်တိုင်းငယ် မြန်မာနိုင်ငံဘက်ဆီသို့ ဦးတည်ရွေ့လျားမည့် အခြေအနေမရှိ

နေပြည်တော် အောက်တိုဘာ ၁၄

ယနေ့ နံနက် ၅ နာရီခွဲအချိန် တိုင်းထွာချက်များအရ ဘင်္ဂလားပင်လယ်အော် အလယ်ပိုင်းတွင် ဖြစ်ပေါ်နေသော မုန်တိုင်းငယ်သည် အနောက်မြောက်ဘက်သို့ ဆက်လက်ရွေ့လျားခဲ့ပြီး အိန္ဒိယနိုင်ငံ ဂိုပါလ်ပူမြို့(Gopalpur)၏ အရှေ့တောင်ဘက် မိုင် ၃၀၀ ခန့်အကွာ ပင်လယ်ပြင်ကို ဗဟိုပြုနေသည်။ အဆိုပါ မုန်တိုင်းငယ်သည် အနောက်မြောက်ဘက်သို့ ဆက်လက်ရွေ့လျားမည်ဟု ခန့်မှန်းရသည်။

မုန်တိုင်းငယ်၏ လက်ရှိအခြေအနေမှာ အဝါရောင်အဆင့်သာရှိပြီး မြန်မာနိုင်ငံဘက်ဆီသို့ ဦးတည်ရွေ့လျားမည့် အခြေအနေမရှိဟု သတ်မှတ်သည်။

မုန်တိုင်းငယ်၏အရှိန်ကြောင့် မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် တစ်ခါတစ်ရံ မိုးသက်လေပြင်းများ တိုက်ခတ်ပြီး လှိုင်းအသင့်အတင့်မှ လှိုင်းကြီးနိုင်သည်။ မိုးသက်လေပြင်းကျစဉ် ရေပြင်မြေပြင်လေသည် တစ်နာရီလျှင် ၃၅ မိုင်မှ မိုင် ၄၀ အထိ တိုက်ခတ်နိုင်ကြောင်း မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာနက သတင်းထုတ်ပြန်ထားသည်။ (သတင်းစဉ်)

ဟသ်ာတခရိုင် အင်္ဂပူမြို့နယ်၌ ဆည်မြောင်းဦးစီးဌာန တည်ဆောက်ရေး(၉)က တာဝန်ယူတည်ဆောက်နေသည့် ကညင်ချောင်းရေလှောင်တမံ စီမံကိန်းတစ်ခုလုံး၏ ၆၅ ရာခိုင်နှုန်း ပြီးစီးနေပြီဖြစ်။

သတင်း စာမျက်နှာ(၃)